မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညွှန့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိချုပ်နှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပသည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်)

နည်းပညာ တိုးတက်မြင့်မားရေးကြိုးပမ်း အမှီအခိုကင်းသော နည်းပညာများရရန် စွမ်းဆောင်

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၁၉ရက်နေ့က ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာများတိုးတက်နေသည့် ယနေ့ကမ္ဘာကြီး၌ နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်နိုင်ရန် ခေတ်မီတပ်မတော်တစ်ရပ်သည် မရှိမဖြစ် လိုအပ်သည်။ ယင်းသို့ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရာတွင် အင်ဂျင်နီယာပညာရှင် တပ်မတော်သားများသည် စွမ်းစွမ်းတမံ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သိပ္ပံနှင့်နည်းပညာတွင် ဖော်ထုတ်သုံးစွဲသည့်အဆင့်မှ တီထွင်အသုံးပြုသည့်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည့်အတွက် စစ်ဘက်သိပ္ပံပညာရပ်နှင့် ခေတ်မီလက်နက်၊ ယာဉ်၊ ယန္တရားများကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် စဉ်ဆက်မပြတ် ဆည်းပူးလေ့လာ သွားကြရမည် ဖြစ်သည်။

ယနေ့ခေတ်၌ နည်းပညာတိုးတက်မြင့်မားသည့် နိုင်ငံများသည် နည်းပညာတိုးတက် နည်းပါးသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ပြီး စိုးမိုးခြယ်လှယ်ရန် ကြိုးစားအားထုတ်လျက် ရှိသည်။ နည်းပညာနိမ့်ပါးသော နိုင်ငံများ၏ သယံဇာတပစ္စည်းများကို နည်းမျိုးစုံနှင့် အမြတ်ထုတ်နေကြသည်မှာ ကမ္ဘာ့နေရာအနှံ့အပြား၌ တွေ့မြင်နေရသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ရှိပြီးသော သဘာဝသယံဇာတများကို နိုင်ငံတော် တည်ဆောက်ရေးတွင် ဖော်ထုတ်သုံးစွဲရာတွင် သူတစ်ပါး၏ အမှီအခိုကင်းသော ဆောင်ရွက်နိုင်သည့် နည်းပညာများရှိပါလျှင် ပိုမိုလျင်မြန် ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ''ပညာရှင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ အတတ်ပညာပိုင်းဆိုင်ရာမှာ ခေါင်းဆောင်မှု ရယူနိုင်ဖို့လိုတယ်။ ဒါကြောင့် မိမိ တပ်ဖွဲ့ဝင်တွေထက် ထိုးထွင်းကြံဆပြီး တီထွင်လုပ်ကိုင်နိုင်ဖို့ ဗဟုသုတကြွယ်ဝအောင် အမြဲစူးစမ်းလေ့လာနေရမယ်'' ဟု ထည့်သွင်းပြောကြားခဲ့သည်။

စက်မှု၏ အခြေခံသည် လူသားစွမ်းရည်ဖြစ်၍ နိုင်ငံတော်၏ နေရာအနှံ့အပြား၌ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ပညာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပေသည်။ နယ်ချဲ့များ၏ အမွေဆိုးကြောင့် နည်းပညာပိုင်းတွင် နောက်ကျကျန်ခဲ့သည်ကို ယခုအခါ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းနိုင်သည့် ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ''အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား'' ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာ၌ အတတ်ပညာစွမ်းပကားများကို ထိထိရောက်ရောက် အသုံးချပြီး စက်မှုနိုင်ငံတော်တည်ဆောက်ရေးအတွက် အားထားရသော ပညာရှင်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရန် တည်ဆောက်ရာ၌ တိုင်းရင်းသား ပြည်သူများက လက်တွဲပါဝင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ကျန်းမာရေးဆပ်ကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ကျန်းမာရေးဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆပ်ကော်မတီ အတွင်းရေးမှူးကိုယ်စား ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်က ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းအဖွဲ့လိုက် အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် အထက(၃)သို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကွန်ပျူတာများလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ကိုရီးယားသမ္မတနိုင်ငံ အကောက်ခွန်အဖွဲ့က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ကျင်းပရာ ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ အကောက်ခွန်အဖွဲ့ဥက္ကဋ္ဌ Mr.Young Keun Cho နှင့် မြို့နယ်ပညာရေးမှူး ဦးအာရ်မြလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

လွှဲပြောင်း

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အကောက်ခွန်အဖွဲ့ဥက္ကဋ္ဌက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများနှင့် ကွန်ပျူတာငါးလုံးတို့ကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးတင်ရှိန်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

လှူဒါန်း

ကိုရီးယားသမ္မတနိုင်ငံ အကောက်ခွန်အဖွဲ့က သန်လျင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ အလျားပေ ၆၀၊ အနံပေ ၃၀ရှိ စာသင်ဆောင်နှင့် ကွန်ပျူတာငါးလုံးတို့ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့် ကျီတော်ရပ်ကွက် စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ၁၇ရက်က ကျီတော်ရပ်ကွက် ရောင်နီဦးစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဟောပြောပြီး ကျီတော်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုး **(အပေါ်ပုံ)**က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှ နိုင်ငံတော် အခြေခံမူများအခန်းကို ဖတ်ကြားပြီး စာဖတ်ဝိုင်း တက်ရောက်သူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည် ဖြေကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟန်း အထက(၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အထက(၃) ဗဟန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်သည်။

အလှူငွေထည့်ဝင်နိုင်

ရပ်ဝေးရပ်နီးနေ ကျောင်းသား ကျောင်းသူဟောင်းများသည် ကျောင်းအုပ်ကြီး ဦးလှတင် ဖုန်း-၅၅၅၂၂၂ (အထက-၃)၊ ဦးလှထွေး(ရှိမိုစားသောက်ဆိုင်)ဖုန်း- ၀၉-၅၁-၆၂၉၁၉၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၃၉၆၆၊ ဒေါ်မြမြသန်း(နှင်းဆီဦးအလှပြင်ဆိုင်) ဖုန်း-၀၉-၅၁-၈၄၉၅၅တို့သို့ ဆက်သွယ်၍ အလှူငွေထည့်ဝင်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၁-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရှောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၈)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဆိုင်သူမသိတဲ့အချစ်**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၆)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄:၄၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **အောင်နိုင်ကြောင်း နည်းကောင်း(၄)ဖြာ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၈:၀၅-၂:၀၅ Sunday Talk [ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ကိုကိုလှိုင်၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၈:၅၅-၂:၅၅ တက်ညီလက်ညီ ရုပ်တည်နိုင်ပြီ တိုင်းဧရာဝတီ
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ အမျိုးသားကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်မြို့) ၂၀၀၈ ခုနှစ် တတိယအကြိမ် ပန်းပွဲတော်
- ၉:၄၅-၃:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅-၃:၅၅ Shopping Guide (ChinaTown Point Center)
- ၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၅-၄:၂၅ ပိုလီယိုရောဂါကာကွယ်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်းအောင်)
- ၁၀:၅၅-၄:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀-၅:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၀-၅:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ စက္ကူပုဂ္ဂိုလ်
- ၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၀-၅:၄၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ကော်ကြော်ပြုလုပ်နည်း)
- ၁၁:၅၀-၅:၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
- ၁၂:၁၀-၆:၁၀ International Video Topics (ဒူဘိုင်းမှ အိုအေစစ်(သို့) ကမ္ဘာ့အမြင့်ဆုံးဟိုတယ်)
- ၁၂:၄၅-၆:၄၅ လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
- ၁၂:၅၅-၆:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	West Brom-Man City	ESPN (Live)
၉:၂၅	Newcastle-Spur	Star Sports (Live)
၁၀:၂၅	Arsenal-Liverpool	ESPN (Live)

Suzuki Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	Singapore-Vietnam	Star Sports (Live)

Toyota Cup ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Pachuca-Gamba Osaka	ESPN (Live)
၅:၃၀	LDU Quito-Man U	ESPN (Live)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	AC Milan -Udinese	5-Cartoons (Live)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဂီတဆိုင်ရာပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက် ကျွမ်းကျင်လာရေး အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများဖွင့်လှစ် ဆောင်ရွက်

ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို မထိခိုက်စေဘဲ ပိုမိုဆန်းသစ်ဖွံ့ဖြိုးအောင် သတိပြုလုပ်ကိုင်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၉နာရီ မိနစ် ၄၀က ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဂီတအလွှာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌဦးမောင်မောင်လတ်နှင့် အတွင်းရေးမှူးဦးကိုကိုလွင်တို့က ပြန်ကြားရေးဝန်ကြီးဌာနက ညွှန်ကြားချမှတ်ပေးထားသောမြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်(၄)ရပ်နှင့် အခြေခံလုပ်ငန်းစဉ်(၈)ရပ်တို့အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ဂီတအစည်းအရုံးနှင့် ဂီတလောကသားများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများတွင် တွေ့ကြုံရသည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းအဖြေရှာပြီး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မှတ်တမ်းတင်

မြန်မာနိုင်ငံ ဂီတအစည်းအရုံးသည် မိမိလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရင်း တိုင်းပြည်နှင့်လူမျိုး အကျိုးအတွက် လိုအပ်သည့်အခါတိုင်း အမျိုးသားအကျိုးစီးပွားဘက်က ရပ်တည်၍ ဝိုင်းဝန်းပူးပေါင်း ပံ့ပိုးဆောင်ရွက်ခဲ့ကြသည်ကိုလည်း အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်

ယနေ့အချိန်အခါ၌ အခြားအနုပညာကဏ္ဍများတွင် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ဂီတလောကသားများအနေဖြင့် ဂီတဆိုင်ရာ ပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ကျွမ်းကျင်လာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ပေးစေလိုကြောင်း။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အစည်းအရုံးဝင်အင်အား ပိုမိုတိုးတက်များပြားအောင် ကြိုးပမ်းတည်ဆောက် ကြစေလိုကြောင်း။

အစည်းအရုံး၏ လုပ်ဆောင်ချက်များသည် အမျိုးသားအကျိုးစီးပွားနှင့် ဂီတလောကသားများ၏ အကျိုးအတွက် အစဉ်ရပ်တည်သည့် လုပ်ဆောင်ချက်များအဖြစ် ဆက်လက်အကောင်အထည်ဖော်သွားရန် မှာကြားလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ဂီတပညာရပ်များကို တီထွင်ဆန်းသစ်ရာတွင် ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်ကို မထိခိုက်စေဘဲ ပိုမိုဆန်းသစ် ဖွံ့ဖြိုးအောင် သတိပြုဆောင်ရွက်ကြရန် နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ ဂီတလောကနှင့် ဂီတလောကသားများ၏ အကျိုးကို ထမ်းဆောင်ရာတွင် အခြေခံအလွှာ အသီးသီးက စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်များ အောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြား လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အရန်ထုတ်လွှင့်ရေးနှင့် ရန်ကုန်မြို့ဝန်းကျင် ထပ်ဆင့်ထုတ်လွှင့်ရေး တာဝန်အတွက် စက်ပစ္စည်းများ အသင့်ထားရှိလျက် ထိန်းသိမ်းဆောင်ရွက်နေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ အသုံးပြုနေမှုများနှင့် အဆောက်အအုံ ကြံ့ခိုင်ရေး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ရုပ်မြင်သံကြားအစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်မှုလုပ်ငန်းနှင့် အသင့်ထုတ်လွှင့်နိုင်ရေးအတွက် ထုတ်လွှင့်စက်များ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြသကြသည်။

ယင်းနောက်ဝန်ကြီးသည် Radio Stationသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ ရုံးခန်းများ၊ ရေဒီယိုပင်မအသံထိန်းခန်း၊ အသံသွင်းနှင့်အသံလွှင့် စတူဒီယိုများတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ MRTV-4 အစီအစဉ်ထုတ်လုပ်ရေးခန်းမနှင့် ထုတ်လွှင့်စက်ခန်းများတွင် ရုပ်မြင်သံကြားထုတ်လွှင့်ရေးစီမံဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စတူဒီယိုတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် စက်ပစ္စည်းများကို စနစ်တကျထိန်းသိမ်း ကိုင်တွယ်ဆောင်ရွက်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် အစဉ်လေ့ကျင့်ဆောင်ရွက်ရေး၊ စက်ပစ္စည်းများကြံ့ခိုင်ရေးအတွက် ဂရုပြု ထိန်းသိမ်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း၌ နေရာကွက်ကျား မိုးရွာဖွယ်

ရန်ကုန် ဒီဇင်ဘာ ၂၀

ဒီဇင်ဘာ၂၁ရက် (ယနေ့) ပြည်နယ်နှင့် တိုင်းများ၏ရာသီဥတုကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ဒီဇင်ဘာ ၂၁ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်ဖြစ်ထွန်း

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၀ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် အများအားဖြင့် သာယာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

အဆင့်မြင့်ပန်းအလှပြင် သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် ၁/၂၀၀၉ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက်မှ ၁၅ရက်အထိ နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအတွင်း အခြေခံပန်းအလှပြုပြင်မှု သင်တန်းဆင်းပြီးသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

ဆက်သွယ်နိုင်

သင်တန်းကြေးကို ကျပ်နှစ်သောင်းသတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၇၃)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ဂျပန်-အမေရိကန်ဆက်ဆံရေး ဂျပန်ပြည်သူ သုံးပုံတစ်ပုံခန့်သာ ယုံကြည်

တိုကျို ဒီဇင်ဘာ ၂၀

ဂျပန်နိုင်ငံ၏ အရေးအပါဆုံး လုံခြုံရေးဆိုင်ရာ မဟာမိတ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးမှာ အခြေအနေကောင်းမွန်သည်ဟု ဂျပန်ပြည်သူ သုံးပုံတစ်ပုံကသာ ယုံကြည်ကြောင်း၊ အိုဘားမား အမေရိကန်သမ္မတရာထူး မထမ်းဆောင်မီ ရက်သတ္တအနည်းငယ်အတွင်း ထုတ်ပြန်သည့် ပြည်သူ့သဘောထား စစ်တမ်းအရ သိရသည်။

ထင်ဟပ်ပြနေ

ဂျပန်ပြည်သူအများစုတို့ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အားမလိုအားမရ ဖြစ်ရခြင်းမှာ ၂၀၀၀ပြည့်နှစ်နောက်ပိုင်း ယခုအခါ အဆိုးဆုံးဖြစ်သည်။ ယင်းမှာ မြောက်ကိုရီးယားအား အကြမ်းဖက်နိုင်ငံများစာရင်းမှ အမေရိကန်အစိုးရက ပယ်ဖျက်ခြင်းအပေါ် စိတ်မအီမသာဖြစ်မှုနှင့် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ပေါ်ပြီး အမေရိကန် စီးပွားရေးအပေါ် အယုံအကြည်နည်းလာခြင်းတို့ကို ထင်ဟပ်ပြနေခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် စက်ဘီးတစ်စီးအား ဖယ်ရှားနေသည့် ရဲတပ်ဖွဲ့ဝင် တစ်ဦးကို ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လွတ်မြောက်လာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ဒူရာမြို့ရှိ အမေရိကန် စစ်အကျဉ်းစခန်းမှ လွတ်မြောက်လာသူတစ်ဦးအား ၎င်း၏ မိသားစုဝင်များနှင့်အတူ ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဆာလက်ချ်အယ်လ်ဒင်ပြည်နယ် တီကရစ်မြို့၌ အမေရိကန်စစ်အခြေစိုက်စခန်းပေါ်သို့ ဒုံးကျည်များကျရောက်

တီကရစ် ဒီဇင်ဘာ ၂၀

အီရတ်နိုင်ငံ တီကရစ်မြို့တောင်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတွင် ဒီဇင်ဘာ ၁၉ ရက်က ဒုံးကျည်နှစ်စင်း ကျရောက်ခဲ့ကြောင်း၊ အသေအပျောက်ရှိမရှိ ဆိုသည်ကို မသိရကြောင်း ဆာလက်ချ်အယ်လ်ဒင်ပြည်နယ် ရဲသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကျရောက်ခဲ့

ဒုံးကျည်နှစ်စင်းသည် တီကရစ်မြို့တောင်ပိုင်း ဘာလက်ဒ်ခရိုင် ယက်သ်ရစ်ဘ်ဒေသရှိ အနာကွန်ဒါ အမေရိကန်စစ်အခြေစိုက်စခန်းသို့ ကျရောက်ခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က အဆွတ်အယ်လ် အီရတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

တွေ့မြင်ခဲ့ရ

ဒုံးကျည်နှစ်စင်းသည် အင်အားကြီး မားပြင်းထန်သော ပေါက်ကွဲမှုတို့ ဖြစ်ပေါ်စေခဲ့ပြီး အမေရိကန်စစ်အခြေစိုက်စခန်းမှ အပေါ်သို့ မီးခိုးလုံးကြီးများ လိမ့်တက်လာခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ အဖြစ်အပျက် ဖြစ်ပွားပြီးနောက် အမေရိကန်ရဟတ်ယာဉ်များသည် ၎င်းဒေသဝန်းကျင်ဝေဟင်တွင် နာရီပေါင်းများစွာ ပျံဝဲနေကြသည်ကို တွေ့မြင်ခဲ့ရကြောင်းလည်း ယင်းသတင်းရပ်ကွက်က ပြောကြားခဲ့သည်။

တီကရစ်မြို့သည် ဆာလက်ချ် အယ်လ်ဒင်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၁၇၅ ကီလိုမီတာအကွာတွင်တည်ရှိသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး နာ့ဒ်ဟာဒေသတွင် ကားဗုံးနှစ်လုံး ပေါက်ကွဲပြီးနောက် အပျက်အစီးများအား ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှုမှာ အီရတ်နိုင်ငံအတွင်းသို့ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း လာရောက်လည်ပတ်မည်ဟု ကြေညာပြီးနောက် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်း

ဆိုးလ် ဒီဇင်ဘာ ၂၀

တောင်ကိုရီးယားနိုင်ငံက အီရတ်သို့ စေလွှတ်ထားသည့် တပ်ဖွဲ့ဝင်အားလုံးကို ပြန်ခေါ်ခြင်းဖြင့် အီရတ်ဆိုင်ရာစစ်ဘက်အထောက်အကူပြုလုပ်ငန်းမှာ ဒီဇင်ဘာ ၁၉ ရက်က အဆုံးသတ်သွားပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် အီရတ်၌ တတိယအများဆုံးတပ်ဖွဲ့ဝင်ဦးရေ စေလွှတ်ထားသည့် နိုင်ငံဖြစ်သည်။

ကြေညာ

အီရတ်နိုင်ငံ၌ ၎င်း၏တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရန် မလိုအပ်တော့ကြောင်း တောင်ကိုရီးယားနိုင်ငံက ယခုနှစ်ဆန်းကပင် ထုတ်ဖော်ကြေညာထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရဲတပ်ဖွဲ့နှင့် မူးယစ်မှောင်ခိုများအကြား ဘရာဇီး၌ ပစ်ခတ်မှုဖြစ်ပွား

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၀

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တော်တွင် ဘရာဇီးရဲတပ်ဖွဲ့နှင့် မူးယစ်မှောင်ခိုသမားများဟု သံသယရှိသူများအကြား ဒီဇင်ဘာ ၁၉ ရက်က ပစ်ခတ်မှုများ ဖြစ်ပွားရာ လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားခဲ့သည်။

မူးယစ်မှောင်ခိုဟု သံသယရှိသူများအား ရဲတပ်ဖွဲ့က စတင်ပစ်ခတ်ခဲ့ရာ ၎င်းတို့မှာ ကျုးကျော်ရပ်ကွက်အတွင်းသို့ ပြေးဝင်ကာ ပြန်လည်ပစ်ခတ်ခဲ့ကြသည်။

ဆေးရုံတင်ပို့

ဒဏ်ရာရရှိသူ ခြောက်ဦးတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများအား ဒေသဆိုင်ရာ ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး အခင်းဖြစ်ပွားရာနေရာဝန်းကျင်၌ အခြေအနေမှာ တည်ငြိမ်သွားပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးနိုင်ခြင်းမရှိ

ရဲတပ်ဖွဲ့အနေဖြင့် သေနတ်သုံးလက်ကို သိမ်းဆည်းရရှိခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

(အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီး၌ မီးလောင်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဒီဇင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (ယင်းမီးလောင်မှုကြောင့် ဒေသခံ ၁၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။) **(အင်တာနက်ဓာတ်ပုံ)**

မဟာမဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဒေါ်လာနှစ်သန်းကျော်သုံးစွဲရန် လျာထား

ဟန္နွိုင်း ဒီဇင်ဘာ ၂၀

မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်)အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာနှစ်သန်းကျော်သုံးစွဲရန် သတ်မှတ်လိုက်ကြောင်း လာအိုနိုင်ငံထုတ် ဗီယန်ကျင်းတိုင်း(မ်) သတင်းစာက ဒီဇင်ဘာ ၁၈ရက်တွင် ဖော်ပြသည်။

သိရ

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တော်၌ မဲခေါင်ခြောက်နိုင်ငံ အုပ်ချုပ်ရေးကောင်စီနှစ်ပတ်လည် အစည်းအဝေးအပြီးတွင် အထက်ပါအတိုင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်သုံးစွဲရေး လျာထားခဲ့ခြင်းဖြစ်သည်။

သုံးစွဲမည်

ယင်းသတ်မှတ်ငွေကြေးကို တည်ဆောက်ရေးစီမံကိန်း ၅၀ ကျော်တွင် သုံးစွဲမည်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်တာနက်ကျန်းမာရေး

အသက်အရွယ်ရလာသူများ ပုံမှန် သွေးပေါင်ချိန်တိုင်းသင့်

အသက်အရွယ် ကြီးရင့်လာသည့်အခါ စိတ်မကြည်လင်မှုများလျှင် သွေးပေါင်ချိန် မြင့်တက်ပြီး သွေးတိုးရောဂါ အလျင်အမြန်ဝင်ရောက်နိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

အသက် ၅၀နှင့် ၇၀အကြားရှိ အမျိုးသားအမျိုးသမီးကြီးများကို လေးနှစ်ကြာ သုတေသနပြုခဲ့ရာ စိတ်ပိုင်းဆိုင်ရာ ပူပင်သောကမှုများသော အမျိုးသားအမျိုးသမီးများ၌ သွေးတိုးရောဂါအများဆုံးဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က သတိပေးထားသည်။

စိတ်ပင်ပန်းမှု

ထို့အပြင် အသက်အရွယ်ကြီးရင့်လာသည့်အခါ စိတ်ပင်ပန်းစေသော အခက်အခဲပြဿနာများနှင့် ကြုံတွေ့ရဖန်များလျှင် သွေးတိုးရောဂါအပြင် နှလုံးရောဂါများပါ အချိန်တိုအတွင်း ဖြစ်ပွားနိုင်ကြောင်း၊ ထို့မှတစ်ဆင့် ရုတ်တရက် နှလုံးရောဂါတိုက်ခိုက်မှုကိုခံရရန် အခွင့်အလမ်းများကြောင်း ကနေဒါသုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စိတ်ဖိစီး

ထို့ကြောင့် အသက်အရွယ်ကြီးရင့်ပြီး စိတ်ဖိစီးမှုများသူများအနေဖြင့် တစ်နေ့လျှင် သွေးပေါင်ချိန် နှစ်ကြိမ်တိုင်းသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ဆုံးဖြတ်လိုက်ပုံက ....

ဘဝအမောပြေ

အလုပ်မှ ဆုငွေများရရှိလာသော ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက ပိုက်ဆံများ သူ့အားအပ်ရန် ပြောကြားနေသည်။

ဇနီး ။ ။ ကဲ ....ပိုက်ဆံတွေအကုန်အပ်ပါ။
ခင်ပွန်း ။ ။ မိတ်ဆွေတွေနဲ့ ပျော်ပွဲစားဖို့ စီစဉ်ထားတယ်ကွာ....
ဇနီး။ ။ မရဘူး.... အဲဒီပိုက်ဆံတွေကို သုံးလို့မဖြစ်ဘူး၊ အိမ်အတွက်သုံးရမှာ အများကြီးရှိတယ်။
ခင်ပွန်း ။ ။ မိတ်ဆွေတွေကို ကတိပေးပြီးသားဖြစ်နေပြီကွာ။
ဇနီး ။ ။ အိမ်စရိတ်က အရေးကြီးလား၊ ပျော်ပွဲစားဖို့က အရေးကြီးလား။
ခင်ပွန်း ။ ။ အတော်ခက်တဲ့ မိန်းမပါလား။
ဇနီး ။ ။ အမှန်အတိုင်း ပြောတာလေ။
ခင်ပွန်း ။ ။ ကဲ....ဒါဆို ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်မယ်။
ဇနီး ။ ။ ကြိုက်တယ်.... လုပ်ပါ.... ဒါထက် အနိုင်အရှုံးက ဘယ်လိုဆုံးဖြတ်မလဲ။
ခင်ပွန်း ။ ။ ခေါင်းကျရင် ပျော်ပွဲစားမယ်။ ပန်းကျရင် ငါအကုန်ယူမယ်။ အေး.... ခေါင်းနဲ့ ပန်းမကျဘဲ လေထဲမှာရှိနေရင်တော့ ဒီငွေတွေ မင်းကို အကုန်အပ်မယ်။
ဇနီး ။ ။ **“ဘာပြောတယ်....”**

ဖိလစ်ပိုင်နိုင်ငံဆိုသည်မှာ....

ဖိလစ်ပိုင်နိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ဘက် ကမ်းရိုးတန်း ကမ်းလွန်ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံကို ကျွန်းပေါင်း ၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထူထောင်ထားသည်။ သို့သော် လူဦးရေလျင်မြန်စွာ တိုးတက်လာသည့် ဤနိုင်ငံမှ ပြည်သူအများစုသည် ကျွန်း ၁၁ ကျွန်းပေါ်တွင် နေထိုင်ကြသည်။ ဤနိုင်ငံ၏ ပိုင်နက်အများစုမှာ တောတောင်ထူထပ်သည့်အပြင် မြေငလျင်လှုပ်မှုများနှင့်တကွ မီးတောင်၂၀ခန့် ပေါက်ကွဲမှုများနှင့် ကြုံတွေ့နေရသည်။ တိုင်ဖုန်းမုန်တိုင်းများနှင့် အခြားသော မုန်တိုင်းများကိုလည်း မကြာခဏ ရင်ဆိုင်ခဲ့ရသည်။



ဖယ်ရှား

၁၅နှစ်ကာလအတွင်းတွင် ရွေးကောက်ပွဲ ကလိမ်ကျမှုကြောင့် ၁၉၈၆ခုနှစ်တွင် သမ္မတမားကို့စ်ကို ပြည်သူတို့ ဖယ်ရှားပြီး ၂၀၀၁ခုနှစ် ဇန်နဝါရီလတွင်လည်း သမ္မတ ဂျိုးဇက်အက်စထရာဒါအား အဂတိလိုက်စားမှုဖြင့် ဖယ်ရှားခဲ့သည်။

ထိုးအပ်လိုက်ရ

၁၅၄၂ ခုနှစ်က ဤနိုင်ငံပိုင်ကျွန်းများကို စပိန်တို့က ပိုင်ဆိုင်ကြောင်း ကြေညာပြီး ဖိလစ်ပိုင်ဟု အမည်ပေးလိုက်သည်။ စပိန်အုပ်ချုပ်မှုကို ၁၈၉၀ ပြည့်လွန်နှစ်များတွင် စတင်ပုန်ကန်ကြသည်။ ၁၈၉၈ခုနှစ်တွင် စပိန်-အမေရိကန်စစ်ပွဲအတွင်း မနီလာပင်လယ်အော်ရှိ စပိန်ရေတပ်ကို အမေရိကန်ရေတပ်က ချေမှုန်းပြီးနောက် စပိန်က ဖိလစ်ပိုင်ကျွန်းများကို အမေရိကန်တို့ထံ ထိုးအပ်လိုက်ရသည်။

စစ်အုပ်ချုပ်ရေး

၁၈၉၉ခုနှစ်တွင် အမေရိကန်တပ်များအား သူပုန်တို့က စတင်တိုက်ခိုက်သည်။ ၁၉၀၁ခုနှစ်တွင် သူပုန်ခေါင်းဆောင် အင်မီလီယို အဖမ်းခံရသည်။ ၁၉၀၂ခုနှစ်တွင် အမေရိကန်အရပ်ဘက်အစိုးရအစား စစ်အုပ်ချုပ်ရေး ပြောင်းလဲလိုက်သည်။

ပြန်သိမ်း

၁၉၃၅ခုနှစ်တွင် ဖိလစ်ပိုင်ဓနသဟာယအဖွဲ့ကို ထူထောင်သည်။ ဆယ်နှစ်အတွင်း အပြည့်အဝလွတ်လပ်ရေးပေးမည်ဟု အာမခံသည်။ ၁၉၄၁ခုနှစ်တွင် ဂျပန်က ဖိလစ်ပိုင်ကို လေကြောင်းမှတိုက်ပြီး ရက်သတ္တပတ် နှစ်ပတ်အကြာ၌ ကျူးကျော်ဝင်ရောက်သည်။ ၁၉၄၄ခုနှစ်တွင် အမေရိကန်တပ်များက ပြန်သိမ်းသည်။

စစ်လျော်ကြေးရရှိ

၁၉၄၆ခုနှစ်တွင် ကျွန်းများလွတ်လပ်ရေးကို အပြည့်အဝရရှိပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံဟု အမည်ပြောင်းလိုက်သည်။ ၁၉၄၇ခုနှစ်တွင် အမေရိကန်စစ်စခန်းများထားခွင့်ရရှိသည်။ ၁၉၅၁ခုနှစ်တွင် ဂျပန်နှင့်ငြိမ်းချမ်းရေးစာချုပ်သည်။ နောက်ဆုံးဖိလစ်ပိုင်နိုင်ငံက စစ်လျော်ကြေးဒေါ်လာသန်း ၈၀၀ ရရှိသည်။ ၁၉၆၅ခုနှစ်တွင် ဖာဒီနန်မားကို့စ် သမ္မတဖြစ်လာခဲ့သည်။

သေဒဏ်ပေး

၁၉၆၉ခုနှစ်တွင် သမ္မတမားကို့စ် ပြန်လည်ရွေးချယ် တင်မြှောက်ခံရသည်။ ၁၉၇၃ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က သမ္မတမားကို့စ်အား အကြွင်းမဲ့ အာဏာအပ်နှင်းလိုက်သည်။ ၁၉၇၇ ခုနှစ်တွင် အတိုက်အခံခေါင်းဆောင် ဘင်နစ်နိုအကီနိုအား သေဒဏ်ပေးသည်။ ၁၉၈၀ ပြည့်နှစ်တွင် အကီနိုအား ဆေးဝါးကုသမှုခံယူရန် အမေရိကန်နိုင်ငံသို့ သွားခွင့်ပေးသည်။ ၁၉၈၁ခုနှစ်တွင် မာရှယ်လောဥပဒေရုပ်သိမ်းသည်။ သမ္မတ ရွေးကောက်ပွဲတွင် မားကို့စ် အနိုင်ရခဲ့သည်။

မထောက်ခံ

၁၉၈၃ ခုနှစ်တွင် မစ္စတာအကီနို အမေရိကန်မှ ဖိလစ်ပိုင်သို့ လေကြောင်းခရီးဖြင့် ပြန်လာစဉ် လေဆိပ်တွင် ပစ်သတ်ခံလိုက်ရသည်။ ၁၉၈၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဘင်နစ်နိုအကီနို၏ ကျန်ရစ်သူဇနီး ကိုရာဇန်အကီနို ဝင်ရောက်ယှဉ်ပြိုင်သည်။ သမ္မတမားကို့စ်က သူအနိုင်ရကြောင်း ကြေညာသည်။ သို့သော် ကိုရာဇန်အကီနိုက လက်မခံ။ မနီလာမြို့၌ ကန့်ကွက်ဆန္ဒပြပွဲပြုလုပ်သည်။ သမ္မတမားကို့စ်အား စစ်ဘက်က မထောက်ခံတော့။ ဟာဝိုင်ယီသို့ မစ္စတာမားကို့စ်ထွက်ပြေးသည်။ ဟာဝိုင်ယီ၌ပင် ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ကိုရာဇန်အကီနို သမ္မတဖြစ်လာခဲ့သည်။

သမ္မတဖြစ်လာ

၁၉၉၁ ခုနှစ်တွင် ကလပ်လေတပ်စခန်းကို အမေရိကန် စွန့်လွှတ်သည်။ ၁၉၉၂ခုနှစ်တွင် သမ္မတ ကိုရာဇန်အကီနို၏ ကာကွယ်ရေးဝန်ကြီး ဖီဒယ်ရာမို့စ် သမ္မတ ဖြစ်လာသည်။ အမေရိကန်က ဆူးဗစ်ပင်လယ်အော် ရေတပ်စခန်းဌာနချုပ်ကို ပိတ်ပစ်လိုက်သည်။

ပြစ်ဒဏ်ခံရ

၁၉၉၈ခုနှစ်တွင် ဂျိုးဇက်အက်စထရာဒါသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် အဂတိလိုက်စားမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ချိုးဖောက်မှုတို့ဖြင့် သမ္မတအက်စထရာဒါ စွဲချက်တင်ခံရသည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် အက်ထရာဒါရာထူးမှဆင်းပေးရသည်။ ဒုတိယသမ္မတ ဂလိုရီယာအာရိုယိုသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည်။ ထိုနှစ်ဧပြီတွင် ဒေါ်လာသန်း ၈၀ကျော် လာဘ်စားမှုတွင် ပြစ်မှုထင်ရှားသဖြင့် မစ္စတာအက်စထရာဒါအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ခံရသည်။ လွတ်ငြိမ်းချမ်းသာခွင့်ရသည်။

၂၀၀၄ခုနှစ် ဇွန်လတွင် ဂလိုရီယာအာရိုယိုက မေလ သမ္မတရွေးကောက်ပွဲ အနိုင်ရကြောင်း မဲရေတွက်အပြီး သိရသည်။

ကြိုးပမ်းမှုမအောင်မြင်

၂၀၀၅ခုနှစ် ဇူလိုင်မှ စက်တင်ဘာအတွင်းတွင် မဲကလိမ်ကျမှုဖြင့် ရာထူးမှ ထွက်ပေးရန် သမ္မတအာရိုယိုအား ဖိအားပေးသည်။ သို့သော် အတိုက်အခံတို့၏ ကြိုးပမ်းမှုမအောင်မြင်ချေ။

လွတ်ငြိမ်းချမ်းသာခွင့်ရ

၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် သမ္မတဟောင်း ဂျိုးဇက်အက်စထရာဒါ အဂတိလိုက်စားမှုတွင် ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း အပြစ်ပေးခံရသည်။ မကြာမီမှာပင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ပြန်သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ချောကလက်နာရီစင်

ပြင်သစ်နိုင်ငံ ပီဆာရီမြို့လယ်၌ ချောကလက် ကီလိုဂရမ် ၈၀၀၀ဖြင့် နာရီစင် တစ်ခု ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် ချောကလက်ဖြင့်ပြုလုပ်သော နာရီစင်များအနက် အကြီးဆုံးနှင့် အမြင့်ဆုံးဖြစ်ကြောင်း၊ ချောကလက်ဖြင့် ပြုလုပ်သော ယင်းနာရီစင်အမြင့်မှာ ၁၁ပေရှိကြောင်း သိရသည်။ (အောက်ပုံ) (အင်တာနက်ဓာတ်ပုံ)

ဆံပင်အရှည်ဆုံး အမျိုးသမီး

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ် မြို့တော်ကူမင်း၌ နေထိုင်သော ဖန်ဝေအမည်ရှိ တရုတ်အမျိုးသမီးတစ်ဦး၏ ဆံပင်အရှည်သည် ခြောက်ပေနှင့် ခြောက်လက်မရှိကြောင်း သိရသည်။ သူမသည် အသက် ၁၀နှစ်အရွယ်ကပင် ဆံပင်ကို မဖြတ်ဘဲ ထားရှိခဲ့သဖြင့် ယခု အသက် ၄၀ အရွယ်၌ ဆံပင်အရှည်ဆုံး အမျိုးသမီးအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အပေါ်ပုံ)** **(အင်တာနက်ဓာတ်ပုံ)**

ဘဝဒဿန

■ *Human beings, who are almost unique in having the ability to learn from the experience of others, are also remarkable for their apparent disinclination to do so.*

❖ *အခြားသူများ၏ အတွေ့အကြုံများမှ သင်ခန်းစာရယူရာတွင် ပြိုင်ဘက်ကင်းသော လူသားများသည် စိတ်ပါဝင်စားခြင်းမရှိဘဲ ဘာသိဘာသာနေကာ ဥပေက္ခာပြုရာ၌လည်း အံ့အားသင့်လောက်သည့် အာဂလူသားများပင် ဖြစ်သည်။*

ဒေါက်ဂလပ်စ်အဒမ်
(အင်္ဂလိပ်လူမျိုးဟာသဆရာနှင့် သိပ္ပံဝတ္ထုရေးဆရာ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

21-12 (05).pmd 1 12/21/2008, 1:59 AM

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး အလည်အပတ်အဖြစ် ဒီဇင်ဘာ ၁၈ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာရာဆုအာကီနိုဂါဝါနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၉ရက် ညနေ၃နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာကင်အိချိရိုစစအဲခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန်၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တည်ခင်းဧည့်ခံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူက ညပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကင်အိချိရိုစစအဲ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာရာဆုအာကီနိုဂါဝါနှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၁၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၁၀ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News
၈း၄၀ ၈။ အကပြိုင်ပွဲ
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၇)
၁၂း၂၀ ၅။ Golf Magazine (TV)
၁၂း၄၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **မချစ်လည်းနေပေါ့** လွင်မိုး၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-သီဟတင်သန်း)
၁၄း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄း၃၀ ၈။ သက်တံရောင်သံစဉ်
၁၄း၄၅ ၉။ International News
၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၂၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ **နှစ်စဉ်မပျက် နွဲ့လို့ပျော် မြို့ရွှေဆည်ရဲ့ ဆင်လျှူပွဲတော်**
၅း၂၀ ၈။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
၆း၅၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **ယောကျာ်းရှိတယ်** မင်းသူ၊ မိုးဟေမာန်ခင် (ဒါရိုက်တာ-ကြည်သာ၊ ပွဲကြိုက်ခင်)
၇း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၄)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၁၈)
၁၈။ အစီအစဉ်ပြီး၏။

ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ နေပြည်တော် မြို့မဈေးစုရပ်၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။
၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

တပျော်တပါး ပါဝင်ဆင်နွှဲ

၂၀၀၈ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ နေပြည်တော် မြို့မဈေးစုရပ်မှ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ နေပြည်တော်၌စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၀၈ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်၆နာရီတွင် နေပြည်တော်၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဝန်ကြီးဌာနအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ နေပြည်တော် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်

ရှေးဦးစွာ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် နေပြည်တော်မြို့မဈေးစုရပ်မှ တောင်တွင်းကြီး-တောင်ညို- နေပြည်တော်ပျဉ်းမနားလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြ၍ သပြေကုန်းအဝိုင်းမှတစ်ဆင့် နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်း ကြီးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြကာ နေပြည်တော်မြို့မဈေး စုရပ်သို့ပြန်လည်ရောက်ရှိကြပြီး စုရပ်တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင် ရေးလေ့ကျင့်ခန်း အစီအစဉ်အတွဲ(၁)နှင့်(၂)တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား အားကစားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် မြတ်တော်ဝင် ဟိုတယ် မိသားစုတို့က စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၀

၂၀၀၈ခုနှစ် (၁၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၆ရက် ညနေ ၃နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေအား စစ်ရေးပြမှူး ဒုတိယဗိုလ်မှူးကြီးအေးသွင်က အလေးပြုတန်းအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ (**အပေါ်ပုံ**)က အမှာစကားပြောကြား၍ ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် အလေးပြုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ဖွင့်ပွဲ ပွဲစဉ်အဖြစ် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတို့က ဒီဇင်ဘာ ၂၆ရက်အထိ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးရွာ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း

ရွှေတောင် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်က အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လှူဒါန်းပွဲကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ်တစ်သိန်း ငါးသောင်းနှင့် စာအုပ်စာစောင် မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (**အပေါ်ဝဲပုံ**) ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက စာကြည့်တိုက်များရေရှည်ခိုင်မာရှင်သန်ရေးနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြို့နယ်အနေဖြင့် ယခုနှစ်တွင် ကျေးရွာအုပ်စုတစ်စုလျှင် စံ(၅)ရပ်နှင့်ပြည့်စုံသည့် စာကြည့်တိုက်နှစ်တိုက်နှုန်းဖြစ်ပေါ်ရေး အကောင်အထည်ဖော်လျက်ရှိရာ ယခုလှူဒါန်းပွဲတွင်ရရှိသည့် စာအုပ်စာစောင်များကို အဆိုပါစာကြည့်တိုက်များသို့ ဦးစားပေးဖြန့်ဝေသွားမည်ဖြစ်သည်။ ယခုလှူဒါန်းပွဲတွင် လှူဒါန်းရရှိငွေကျပ် တစ်သိန်းငါးသောင်း၊ စာအုပ်စာစောင်မျိုးစုံ ၄၅၀၂အုပ် တန်ဖိုး ငွေကျပ် ၆၇၇၉၂၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၂၇၉၂၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာသန့်ရှင်း အန္တရာယ်ကင်းသော အစားအစာများ ချက်ပြုတ်မှု အရည်အသွေးမြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ကျင်းပသော ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများ ချက်ပြုတ်မှု အရည် အသွေးမြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၉နာရီက ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နန်းမွန်နှင့် ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စိန်စိန်(အောင်သံဆန်ခါလုပ်ငန်း)တို့က ငွေကျပ်နှစ်သိန်းစီ ပေးအပ်လှူဒါန်းရာ ရန်ကုန် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။ (၁၇၀)

တနိုင်းမြို့နယ် စည်ပင် ပျိုးပင်များ ပျိုးထောင်စိုက်ပျိုး

တနိုင်း ဒီဇင်ဘာ ၂၀

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြန်လည်ပျိုးထောင် စိုက်ပျိုးခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းက အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

မကွေးမြို့ မစျေး၌ မီးဘေးကြိုတင်ကာကွယ်

ဒီဇင်ဘာ ၄ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မစျေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးရှိရေကန်များ ရေဖြည့်တင်းထားရှိမှု၊ အဝင်အထွက်လမ်းများ ရှင်းလင်းထားရှိမှု၊ အပေါ့စား မီးသတ်စက်ငယ်များ ကွဲခိုင် ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ကျိုက်ထိုမြို့နယ်တွင် စာဖတ်ဝိုင်းဆွေးနွေး

ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအုပ်စု ဘိုက္ကားကျေးရွာ ပွင့်လင်း စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။(မြို့နယ် ပြန်/ဆက်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ကျင်းပရေး သီပေါ၌ဆွေးနွေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ခုနှစ်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၁၄ရက် နံနက် ၉နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမဆောင်၌ကျင်းပရာ မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည် တက်ရောက် အမှာစကား ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်

ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဂန့်ဂေါမြို့၌ အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိကြောင်း သိရသည်။ (၀၇၁)

ဖလမ်းမြို့ သန့်ရှင်းသာယာရေးဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိရာ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပန်းအလှမျိုးစုံပျိုးပင်ပေါင်း ၃၀၀၀၀ ကို အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ဦးဆောင်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလာလ်ဟုပ်ထန်း ကြီးကြပ်ဆောင်ရွက်ရာ ဒီဇင်ဘာ ၁၀ရက်က ဆောင်ရွက် ပြီးစီး ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်စံ(၅)ရပ်နှင့်ညီရေး တောင်ငူ၌ဆွေးနွေး

တောင်ငူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်စိုးလင်းသည် ဒီဇင်ဘာ ၇ရက်က စပါးကြွယ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ဥက္ကဋ္ဌဦးလှမြင့်၊ ရပ်မိရပ်ဖများနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးတွင်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်အား သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဖြစ်ပေါ် လာရေးဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဟိုပင်မြို့ မေတ္တာရိပ်ဆေးကုခန်း နှစ်ပတ်လည်ကျင်းပ

ကချင်ပြည်နယ် ဟိုပင်မြို့ မေတ္တာရိပ် အခမဲ့ဆေးကုခန်း၏ (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီက အဆိုပါမေတ္တာရိပ် အခမဲ့ဆေးကုခန်း၌ကျင်းပရာ ဆေးကုခန်းနာယက မြို့မိမြို့ဖ ဦးညီလေးနှင့် မျက်စိ အထူးကု ဆရာဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က အမှာစကားပြောကြားပြီး စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါ၌ ဉာဏ်စမ်းသုတပြိုင်ပွဲ ဆုချီးမြှင့်

ဂန့်ဂေါမြို့နယ် ရှုံးရှီရွာ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်က ကြီးမှူး၍ (၁၃)ကြိမ်မြောက် ဉာဏ်စမ်းသုတပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီက ကျောင်းခန်းမ၌ကျင်းပရာ ပြိုင်ပွဲတွင် ဆုရသူများအား တာဝန်ရှိ သူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥက္ကဋ္ဌဖလားဘောလုံးပြိုင်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ဒီဇင်ဘာ ၄ရက် ညနေပိုင်းကကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲတွင် လားရှိုးမြို့နယ်အသင်းက ကျောက်မဲမြို့နယ်အသင်းကို ငါးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (၀၂၆)

ကောလင်း အလယ်တန်းကျောင်းသို့ ဂျာနယ်များလှူဒါန်း

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်အခြေခံ ပညာအလယ်တန်းကျောင်းသို့ ဂျာနယ်များပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၉ရက်က ကောလင်းမြို့နယ် မင်းချမ်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က ဂျာနယ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (၀၃၂)

မိုးကောင်းမြို့မဈေး၌ မီးငြိမ်းသတ်မှု ဇာတ်တိုက်သရုပ်ပြ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ပြနှင့် ကျေးလက်ဈေးများ မီးဘေးကြိုတင်တားဆီးကာကွယ်ရေးစီမံချက်အရ ဒီဇင်ဘာ ၅ရက်က အဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မိုးကောင်းမြို့ မြို့မဈေးအတွင်း မီးငြိမ်းသတ်မှုများ ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ကြကြောင်း သိရသည်။ (၀၀၁)

ဗန်းမော်၌ လမ်းဘေးဝဲယာချုံနွယ်များ ခုတ်ထွင်ရှင်းလင်း

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်ခိုင် ခေါင်းဆောင်သော သန့်ရှင်းရေးအဖွဲ့သည် ဒီဇင်ဘာ ၁၂ရက်က နည်းပညာတက္ကသိုလ် သွားလမ်းရှိ လမ်းဘေးဝဲယာမှချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မော်ဘီမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဗဟိုမျိုးသန့်ခြံ၌ လယ်ယာ(၁၆)ဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

ရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်၍ သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တည်ဆောက်ထားသည့် မြောင်းတကာ လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးဌေးလွင်က မြောင်းတကာ လျှပ်စစ်ရေတင်စီမံကိန်း တည်ဆောက်ထားမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကိုမှာကြား၍ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသော ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဦးစီးမှူးက ကံကလေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဓာတ်အားခွဲရုံထိန်းချုပ်ခန်း တည်ဆောက်ထားမှု၊ ရေပေးမြောင်းမကြီးနှင့် လက်တံမြောင်းဖောက်လုပ်နေမှု၊ လှိုင်မြစ်မှ လျှပ်စစ်မြစ်ရေတင်ရန် သံပိုက်လုံးကြီးများ သွယ်တန်းနေမှုနှင့် ရေသောက် ဧရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ စုပေါင်းပါဝင်ဆင်နွှဲ၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၁၉ရက် ညနေ၃နာရီခွဲတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဒီဇင်ဘာ လူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ **(အပေါ်ပုံ)** တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီးကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ် အတွင်းရှိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းသွေးလွန်တုပ်ကွေးနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ စက်ဆန်းနှင့် အလတ်ချောင်း ရပ်ကွက်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပြင်ဦးလွင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်စိုက်ပျိုးရေးခြံအတွင်း ဆေးဖက်ဝင်သစ်ခွများ စိုက်စနစ်အမျိုးမျိုးဖြင့် စီးပွားဖြစ်စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြင်ဦးလွင်မြို့နယ် ဒိုးကွင်စိုက်ပျိုးရေးခြံအတွင်း ဆေးဖက်ဝင်သစ်ခွများ စိုက်စနစ်အမျိုးမျိုးဖြင့် စီးပွားဖြစ်စိုက်ပျိုး

နေပြည်တော် ဒီဇင်ဘာ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၁၈ရက် နံနက်၁၀နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်စိုက်ပျိုးရေးခြံအတွင်း ဆေးဖက်ဝင်သစ်ခွများ စိုက်စနစ်အမျိုးမျိုးဖြင့် စီးပွားဖြစ်စိုက်ပျိုးထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တီထွင်ဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည် ဒိုးကွင်စိုက်ပျိုးရေးခြံမှ ထုတ်လုပ်ဖြန့်ဝေလျက်ရှိသော ဆေးဖက်ဝင်သစ်ခွမျိုးများ၊ တီကောင်မြေသြဇာထုတ်လုပ်မှု၊ မှန်အိမ်အတွင်း တစ်သျှူးနည်းဖြင့် ဆေးဖက်ဝင်သစ်ခွများ မျိုးပွားစိုက်ပျိုးထားမှု၊ ပလတ်စတစ်ရုံအတွင်း မြေမဲ့အာဟာရဖျော်ရည်ဖြင့် ဟင်းသီးဟင်းရွက်နှင့် စတော်ဘယ်ရီပင်များ စိုက်ပျိုးထားမှု၊ သစ်ခွရုံများဖြင့် ဆေးဖက်ဝင်သစ်ခွများအား စိုက်နည်းစနစ်မျိုးစုံဖြင့် မျိုးပွားစိုက်ပျိုးထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နည်းလမ်းများရှာကြံ၍ တီထွင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မောင်တော၌ ပုစွန်မွေးမြူရေးသင်တန်းဖွင့်

မောင်တော ဒီဇင်ဘာ ၂၀

မောင်တောမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သော ပုစွန်မွေးမြူရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၈) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်က မောင်တောမြို့ ကုန်သည်ကြီးများ အသင်းရုံး ဒေဝါနဒီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်း၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးရွှေသာ၊ဌာနဆိုင်ရာများ၊သင်တန်းနည်းပြဆရာ ဆရာမများ၊ ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီပိုင်ရှင်များ တက်ရောက်ကြသည်။



ပို့ချ

အခမ်းအနားတွင်မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ (ဓါတ်ပုံ)က သင်တန်းအဖွင့် အမှာစကားပြောကြားပြီး တက်ရောက်လာသောသင်တန်းသားများအား နည်းပြဆရာများမှ ပုစွန်မွေးမြူရေးနှင့် ပတ်သက်၍ စာတွေ့၊ လက်တွေ့သင်ကြားပို့ချကြောင်း သိရသည်။ (၁၂၇)

● *ကျောဖုံးမှ*

ဒီဇင်ဘာ ၁၁ရက်မှ စ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ တတိယအကြိမ် ပန်းပွဲတော်တွင် ပြည်တွင်း ပန်းမျိုးပေါင်း ၁၆မျိုး၊ ပြည်ပ ပန်းမျိုးပေါင်း ၇၀ကျော်ဖြင့် ပန်းပွင့်အရေအတွက် ခုနစ်သန်းကျော်ကို မြိုင်မြိုင်ဆိုင်ဆိုင် လှပစွာ ခင်းကျင်းပြသထားရာ ပန်းမြို့တော်ဟု တင်စားခေါ်ဝေါ်ရသည့် ပြင်ဦးလွင်တွင် ပန်းပေါင်းစုံရနံ့တို့ဖြင့် ထုံသင်းမွှေးကြိုင်ပျံ့နှံ့လျက်ရှိသည်။

တည်ရှိ

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၁၀ပေတွင် တည်ရှိသော တောင်ပေါ်မြို့ကလေး ဖြစ်သည်။ ပြင်ဦးလွင်မြို့၊ မေမြို့၊ ပန်းမြို့တော်၊ နှင်းမြို့တော်၊ တောင်လေ့ကားမြို့တော်ဟူ၍ငါးမည်ရဖြင့်ကျော်ကြားသည့် ပြင်ဦးလွင်မြို့သည် ထူးခြားသော ရာသီဥတု၊ သဘာဝအလှအပ အသွင်အပြင်များရှိသော မြို့လည်းဖြစ်သည်။

ပန်းမြို့တော်ဟူ၍ နာမည်ကျော်ရအောင်လည်း သစ်ပင် ပန်းမန်စုံပေါက်ရောက်လျက်ရှိသည်။တောင်ပေါ်စခန်းမြို့လေးဖြစ်သည့် ပြင်ဦးလွင်မြို့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်အပန်းဖြေနေကြသော မြို့ဖြစ်သလို လေ့လာစရာ၊ ဗဟုသုတ ရှာမှီးစရာ နေရာများကလည်း ပေါများလှသည်။

ဗဟုသုတရှာမှီးနိုင်

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့မှာနာမည်ကြီးသည့် အပန်းဖြေဥယျာဉ်ကြီးများဖြစ်သကဲ့သို့ ဗဟုသုတ ရှာမှီးစရာ၊ လေ့လာစရာ အကောင်းဆုံး နေရာလည်း ဖြစ်သည်။ ယခု အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) တွင် ခင်းကျင်း ပြသလျက်ရှိသည့် ပန်းပွဲတော်မှာလည်း လာရောက်သူတိုင်းကို ခံစားမှုအမျိုးမျိုး၊ ရသအဖုံဖုံတို့ကို ပေးစွမ်းကာ ဆွဲဆောင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ တာဝန်ယူကာ Htoo Trading Co.,Ltd. က တတိယအကြိမ် ပန်းပွဲတော်ကို ခင်းကျင်းပြသထားခြင်းဖြစ်သည်။ ပန်းပွဲတော်ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များမှာ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ပန်းမန်မျိုးစုံတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှု လေ့လာနိုင်ရန်၊ မြန်မာ့ဂုဏ်ဆောင် ပန်းပွဲတော်ဖြစ်လာအောင်နှစ်စဉ်ကျင်းပပေးခြင်းဖြင့် ပြည်တွင်း၊ပြည်ပဧည့်သည်များကိုဆွဲဆောင်ဖိတ်ခေါ်ရန် ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မွေးမြူထားသော မျောက်လွှဲကျော်နှင့် လာရောက်လည်ပတ်သူအချို့ အစာကျွေးနေသည့် မြင်ကွင်း။

(မြန်မာ့အလင်း)

ပြည်တွင်းပြည်ပ ပန်းပွင့်ပေါင်း ခုနစ်သန်းကျော်ဖြင့် ခင်းကျင်းပြသထားသည့် ပန်းပွဲတော်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဤသို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

(မြန်မာ့အလင်း)

ပန်းပြကွက်များဖြင့် မြန်မာပြည်မြေပုံနှင့်ပန်းခုံ၊ ပန်းခြင်္သေ့နှစ်ကောင်၊ ပန်းတောင် ပန်းများ၊ နန်းမြင့်မျှော်စင်၊ ပန်းလှေကား၊ မှိုတောင်ကုန်း၊ မြေပြင်ပန်းချီပြကွက် ရှစ်ကွက် ပန်းခုံးများ၊ ပန်းလေယာဉ်ပျံ၊ ပန်းသင်္ဘော၊ စနိုးပန်း၊ Teddy Bear ဝက်ဝံရုပ်များနှင့် ခရစ္စမတ်သစ်ပင်၊ပန်းနဂါးနှစ်ကောင်၊ ပန်းအိုးလေးလုံးနှင့် ပန်းကိတ်မုန့်ပုံ စသည့်ပြကွက် ၁၅ကွက် ပြသထားသည်။ ဒီဇိုင်းအလှ ပုံဖော်ထားသည့် ရုပ်တုများနှင့်ရေပန်းအလှပသာဒများကို ခံစား အပန်းဖြေသူများ စည်ကားလျက်ရှိသည်။

ရင်သပ်ရှုမောဖွယ်

သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူပြီး Htoo Trading Co., Ltd. က ဆောင်ရွက်နေသော ပန်းပွဲတော်ကြီးတွင် လာရောက်သူများ မျက်စိ ပသာဒရှိစေရန်နှင့် အပန်းဖြေ စိတ်ရွှင်လန်းစေရန် မြက်ခင်းနှင့် ရောင်စုံပန်းမျိုးစုံများကို ရင်သပ်ရှုမောဖွယ် မြက်ခင်းအလှ အမျိုးမျိုးအဖုံဖုံဖြင့် တီထွင် ဆန်းသစ် ပြသထားရာ ပန်းပေါင်းစုံတို့၏ ထုံသင်းသော မွှေးရနံ့ကို ရှူရှိုက်ရင်း မျက်စိအလှပသာဒ ခံစားသူများကို တွေ့ရသလို သစ်ပင်ပန်းမန်များ စုစည်းတွေ့ရသော ဥယျာဉ်ကြီး၏လှပမှုများကို တစိမ့်စိမ့် ကြည့်ရှုခံစားရင်း အပန်းဖြေသူများကိုလည်း တွေ့ခဲ့ရသည်။

ပန်းပွဲတော်ကို ယခုနှစ် အကုန်ဒီဇင်ဘာ ၃၁ရက်အထိ ခင်းကျင်းပြသလျက်ရှိပြီး Htoo Trading Co., Ltd. မှ ယင်းပန်းပွဲတော် ဖြစ်လာစေရန် လွန်ခဲ့သော နိုဝင်ဘာ ၁၇ရက်က စတင် ကြိုတင်ပြင်ဆင်ခဲ့ရသည်။ ဒုတိယအကြိမ် ပန်းပွဲတော်တွင် ဧရိယာ ကောဒသမ၂ဇကေသာ ပြသခဲ့ပြီး ယခု တတိယအကြိမ်ပန်းပွဲတော်တွင် လေးဧကအထိ တိုးချဲ့၍ ယခင်နှစ်များနှင့်မတူ ပိုမိုထူးခြားလှပစွာ ခင်းကျင်း ပြသထားရာ ပြည်တွင်း၊ ပြည်ပ ပန်းအမျိုးမျိုးတို့၏ လှပမှု၊ ဆန်းသစ်မှုတို့ကိုပါ ရသစုံ လင်ခံစား မြင်တွေ့ခွင့် ရလျက်ရှိကြသည်။

အဆင့်မြင့်သစ်ခွ

ထို့ပြင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ တည်ဆောက်ထားသည့် အဆင်မြင့် သစ်ခွဥယျာဉ်တွင်လည်းပြည်ပမျိုးရင်းရှစ်မျိုး၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်တွင်း မျိုးခွဲ ၃၁၈မျိုးကို အောင်မြင်စွာစိုက်ပျိုးပြသထားသည်။ အများပြည်သူမှ ပြည်တွင်း၊ ပြည်ပ သစ်ခွများနှင့် ပတ်သက်၍ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာခံစားနိုင်ရန်၊ပြည်တွင်း၊ပြည်ပ သစ်ခွပညာရှင်များသုတေသနပြုလုပ်ဆောင်ရွက်နိုင်ရန်၊ မြန်မာ့သစ်ခွ မျိုးရင်းများကို စုဆောင်းထားရှိပြီး ထိန်းသိမ်းစိုက်ပျိုးပြသထားခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များအတွက် သစ်ခွလေ့လာရာ ဌာနကြီးတစ်ခု ဖြစ်လာစေရန်၊ အဆင့်မြင့်မျိုးပွား နည်းများဖြင့် သစ်ခွများကိုမျိုးပွားပြီး သစ်ခွစိုက်ပျိုးသူများအတွက် မျိုးကောင်း မျိုးသန့်များ

ဖြန့်ဖြူးပေးသော ဌာနကြီး ဖြစ်လာစေရန် ရည်ရွယ်၍ အဆိုပါအဆင့်မြင့်သစ်ခွ ဥယျာဉ်ကြီးကို ဆောက်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါ ဥယျာဉ်တွင် သစ်ခွပင်များ ပိုမိုစုံလင်လာစေရန်နှင့် မျိုးစပ်ပြီး စိုက်ပျိုးရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

နိုင်ငံတကာအဆင့်

အဆိုပါ အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို သစ်တောရေးရာ ဝန်ကြီးဌာနမှ Htoo Trading Co.,Ltd.က နိုဝင်ဘာ ၁၇ရက်မှစတင်၍ နှစ်ရှည်ငှားရမ်းကာ စတင် လုပ်ကိုင်လျက်ရှိသည်။ Htoo Trading Co., Ltd. သည် အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၂၀၀၉ခုနှစ်အတွင်း နိုင်ငံတကာအဆင့်မီ ဥယျာဉ်ကြီး ဖြစ်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် နိုင်ငံတကာအသိအမှတ်ပြု ရုက္ခဗေဒဥယျာဉ်ဖြစ်လာစေရန်အထိ ရည်ရွယ်လုပ်ဆောင်သည်။ ယင်းဥယျာဉ်တွင် အပင်အမျိုးအစားပေါင်းတစ်သောင်းကျော်ရှိပြီး မြန်မာနိုင်ငံတွင် ပေါက်ရောက်သည့် အပင်များ အကုန်ရှိသလို ကမ္ဘာပေါ်တွင် ပေါက်ရောက်သည့် အပင်များ ပါရှိသည်။ ရုက္ခဗေဒဥယျာဉ်ကြီး ဖြစ်လာအောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

သားငှက်တိရစ္ဆာန်

အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ဧက ၄၀၀ကျယ်ဝန်းပြီး ကြက်တူရွေး၊ အောက်ချင်း၊အောက်လောင်း၊ ရစ်၊ ဒေါင်း၊ ဟင်္သာ၊ ကြိုးကြာ၊ ငန်း၊ မျောက်လွှဲကျော်၊ သမင်၊ ဒရယ်၊ တောကြောင်၊ လင်းတ၊ စွန်၊ သိမ်းငှက်၊ လင်းယုန် စသည့် ငှက်သတ္တဝါများစွာ ရှိပြီး ရေခဲတောင်ဒေသမှ သားမင်း သားဖောက် စခန်းလည်းရှိသည်။ သားမင်းသားဖောက်စခန်းမှာ မြန်မာနိုင်ငံတွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ပြင်ဦးလွင် တစ်ခုတည်းသာရှိပြီး အောင်မြင်စွာ သားပေါက်ခြင်းများလည်း ရှိသည်။

ယင်းဥယျာဉ်အတွင်းရှိ ငှက်ရုံကိုလည်း ယခုထက်ကြီးအောင် တိုးချဲ့သွားမည်ဖြစ်ပြီး ငှက်မျိုးပေါင်း ပိုမိုစုံလင်အောင် ဖြည့်ဆည်းသွားမည်ဖြစ်ကာ လိပ်ပြာရုံကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ Htoo Trading Co.,Ltd.သည် ယခု တတိယအကြိမ် ပန်းပွဲတော်တွင် လာရောက်သူများ သဘောကျ နှစ်ခြိုက် စိတ်အပန်းပြေစေရန် ပန်းပေါင်းစုံကို လှပ ဆန်းသစ်စွာ ပြသနိုင်ခဲ့သလို ပိန်းပန်း၊ ပတ္တမြားဂမုန်း စသည့် အပင်များကို အရောင် အသွေးမျိုးစုံဖြင့် ခင်းကျင်းပြသထားခဲ့သည်။ နောင်နှစ်များတွင် ယခုထက် ပိုမိုစုံလင်စွာ ပြသသွားနိုင်မည်ဖြစ်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ကပ်လျက်ရှိသည့် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်တွင်လည်း ဥယျာဉ်၏ နှစ်နှစ်မြောက် မွေးနေ့ကို ကျင်းပနေပြီး Htoo Trading Co.,Ltd.က ဆောက်လုပ်ပြီးစီးသွားသည့် ခေတ်မီကလေး ကစားကွင်းကိုလည်း ဒီဇင်ဘာ ၁၁ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ပြသထားသော ပန်းသင်္ဘောနှင့် ရေကန်တွင်း ကူးခပ်နေကြသော ငန်းဖြူများကလည်း ပန်းသင့်လှသည်။

(မြန်မာ့အလင်း)

ပန်းပွဲတော်တွင် ပန်းပေါင်းစုံ လှပဆန်းသစ်စွာ ပြသထားသည့် အနက် ပိန်းပန်းအဖြူများကလည်း လာရောက်သူများကို ဤသို့ ညို့ယူ ဖမ်းစားလျက်ရှိသည်။

(မြန်မာ့အလင်း)

ကြည့်ရှုလေ့လာနိုင်

ဒီဇင်ဘာ၁၁ရက်မှစ၍ရက်ပေါင်း ၂၀ကျော်ကြာ ခင်းကျင်း ပြသထားလျက်ရှိသည့် ပန်းပွဲတော်မှာ ပြည်တွင်း၊ ပြည်ပ ပန်းမျိုးစုံကို ကြည့်ရှုလေ့လာ နိုင်သကဲ့သို့ ဒီဇိုင်းဆန်းသစ်မှုများဖြင့် ပြုလုပ်ထားသည့် ပြကွက်များကိုလည်း ခံစားနိုင်ရာ လေ့လာအပန်းဖြေသူများဖြင့်စည်ကားလျက်ရှိသည်။ပန်းပွင့်ပေါင်း ခုနစ်သန်းကျော်တို့၏ မွှေးရနံ့များ ထုံသင်းပျံ့သည့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လာရောက်သူ ပြည်တွင်း၊ ပြည်ပ ခရီးသည်များဖြင့် စည်ကားနေပါကြောင်း ရသစုံလင် သတင်းမြင်ကွင်းအဖြစ် ခံစားတင်ဆက်လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ယနေ့ကမ္ဘာ၏ ဘဏ္ဍာရေးနှင့် စားနပ်ရိက္ခာ အခြေအနေ

ဆောင်းပါးရှင် FAO လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဗန်ကောက်အခြေစိုက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာဟီချန်ခြူးရေးသားသည့် The twin crises of finance and food ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်-

ကမ္ဘာ့ခေါင်းဆောင်တွေက ကမ္ဘာ့ငွေကြေးဈေးကွက်အတွင်း ရိုက်ခတ်နေတဲ့အကျပ်အတည်းကို ရပ်တန့်ဖို့ကြိုးစားနေချိန်မှာ သုံးသပ်သူများနဲ့ စီးပွားရေးပညာရှင်များကလည်း ဒီအကျပ်အတည်းရဲ့ အတိုင်းအတာကို တွက်ချက်ဖို့ကြိုးစားနေကြပါတယ်။ ၁၉၃၀ပြည့်နှစ်များမှာ ဖြစ်ပွားခဲ့တဲ့ Great Depression လို့ခေါ်တဲ့ စီးပွားရေးကပ်၊ ၁၉၈၇ခုနှစ်ရဲ့ Black October လို့ခေါ်တဲ့ စီးပွားရေးကပ်၊ ၁၉၉၇ခုနှစ် အာရှစီးပွားရေးကပ်အခြေအနေတွေနဲ့ အပြိုင်ဖြစ်ပေါ်လာမှာလား၊ ဒါမှမဟုတ်သာလွန်ဆိုးရွားလာမှာလား၊ တကယ်တော့ အခြေအနေက ပိုမိုဆိုးရွားကောင်း ဆိုးရွားလာနိုင်ပါတယ်။ အကြောင်းကတော့ ကမ္ဘာ့ဒေသအချို့မှာ စားနပ်ရိက္ခာ ရှားပါးလာပြီး စားနပ်ရိက္ခာ ဈေးနှုန်းမြင့်တက်မှုအချို့ ရှိနေတာကို တွေ့နေရပါတယ်။ စိုက်ပျိုးရေးနဲ့ကျေးလက် စီးပွားရေးအခြေအနေကလည်း အချို့ဒေသတွေမှာ အားနည်းမှုရှိနိုင်တယ်လို့ သုံးသပ်ရပါတယ်။

စားနပ်ရိက္ခာရရှိနိုင်ဖို့ဆိုတာ လူ့အဖွဲ့အစည်းတိုင်းရဲ့ အခြေခံအုတ်မြစ်ပါ။ Great Depression, Black October နဲ့ အာရှစီးပွားရေးကပ်တွေဆိုက်စဉ် အခါတုန်းက စားနပ်ရိက္ခာဈေးနှုန်းတွေက သမိုင်းတွင်လောက်အောင် ကျဆင်းခဲ့ပါတယ်။ စီးပွားရေးအခြေအနေ ဆိုးရွားခဲ့တယ်ဆိုပေမယ့် စားနပ်ရိက္ခာတွေကတော့ အလျှံပယ်ပေါများပြီး ဈေးနှုန်းကလည်း သက်သက်သာသာ ရှိနေခဲ့ပါတယ်။ ဒီကနေ့အချိန်မှာ အခြေအနေတွေက ခြားနားလို့နေပါတယ်။ စားနပ်ရိက္ခာတွေကလည်း ရှားပါးပြီး ဈေးနှုန်းကလည်း ၂၀၀၁ခုနှစ် ကတည်းက တရိပ်ရိပ်တက်နေပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ အခြေအနေက အရေးကြီးလာခဲ့ပါပြီ။ FAO ရဲ့ လေ့လာချက်အရ စားနပ်ရိက္ခာဈေးနှုန်းဟာ ၂၀၀၆ခုနှစ်မှာ ၉ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်မှာ ၂၄ရာခိုင်နှုန်းနဲ့ လွန်ခဲ့တဲ့တစ်နှစ်အတွင်းမှာ ၅၁ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လတွေက ကမ္ဘာမှာစားသောက်ကုန်ဈေးနှုန်းအချို့ ကျဆင်းတာ တွေ့ခဲ့ရပေမယ့် ပျမ်းမျှဈေးနှုန်းတွေက သာမန်ထက် အများကြီး မြင့်တက်လျက်ရှိနေပြီး နိုင်ငံတကာဈေးကွက်ကလည်း မလူးသာ မလွန့်သာ အခြေအနေမှာပဲ ရှိနေတုန်းပါ။ သာမန်အချိန်တွေမှာ ဒီလို ကုန်ဈေးနှုန်းကြီးမြင့်မှုဟာ ကမ္ဘာပေါ်ရှိ အလုပ်သမားအများစုနဲ့ ဆင်းရဲနွမ်းပါးသူတွေ ကို ပိုမိုထိခိုက်စေနိုင်ပါတယ်။

စားနပ်ရိက္ခာဖူလုံမှုရဲ့အခန်းကဏ္ဍကို လျှော့မတွက်သင့်ပါဘူး။ ကမ္ဘာ့ စားနပ်ရိက္ခာရှားပါးမှုနဲ့ စားသောက်ကုန်ဈေးနှုန်း မြင့်တက်မှုဟာ ကမ္ဘာနဲ့အဝန်း လူမှုရေးမတည်ငြိမ်မှုနဲ့ နိုင်ငံရေးပဋိပက္ခတွေဆီ ဦးတည်သွားတတ်တဲ့ သာဓကတွေလည်း ရှိခဲ့ပါတယ်။ လက်ရှိ အကျပ်အတည်းကြောင့် နိုင်ငံပေါင်း၃၀ကျော်မှာ အကြမ်းဖက်မှုတွေနဲ့ လူမှုရေးလှိုင်းဂယက်တွေ ထန်ခဲ့ရပြီး အနည်းဆုံး ရွေးကောက်ခံအစိုးရတစ်ဖွဲ့ကို ပြုတ်ကျစေခဲ့ပါတယ်။ ၂၀၀၇ခုနှစ် တစ်နှစ်တည်းမှာပင် စားနပ်ရိက္ခာ အကျပ်အတည်းကြောင့် ကမ္ဘာ့လူဦးရေ ၇၅သန်းဟာ အာဟာရချို့တဲ့သွားခဲ့ရပါတယ်။ ငတ်မွတ်ခေါင်းပါးမှုနဲ့ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး တိုက်ပွဲတွေမှာ ခဲရာခဲဆစ် အောင်ပန်းဆင်နိုင်ခဲ့တဲ့ နိုင်ငံအတော်များများမှာတောင် အခြေအနေဟာ ပြောင်းပြန်ဖြစ်ခဲ့ရပါတယ်။ ထောင်စုနှစ် ရည်မှန်းချက်အောင်မြင်ဖို့ ကြိုးစားနေကြတဲ့ အချို့နိုင်ငံတွေရဲ့ စွမ်းဆောင်ချက်ကလည်း ပိုပြီး သံသယဖြစ်စရာ ကောင်းလာပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၆၀ကျော်ဟာ စားနပ်ရိက္ခာထုတ်လုပ်မှု မြှင့်တင်ဖို့အတွက်နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အကူအညီ အထောက်အပံ့တွေကို လက်ခံနေကြရပါတယ်။

ကမ္ဘာ့ခေါင်းဆောင်တွေဟာ စားနပ်ရိက္ခာဖူလုံမှုအပေါ် ကြီးထွားလာတဲ့ခြိမ်းခြောက်မှုတွေကို နှစ်အတန်ကြာကတည်းက သတိထားမိကြပြီးဖြစ်ပါတယ်။ မကြာသေးမီက ဒီလိုကြီးထွားလာတဲ့အန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ခြေလှမ်းတွေ စတင်လိုက်ပါတယ်။ ၂၀၀၈ခုနှစ် ဇွန်လမှာပဲ နိုင်ငံ့ခေါင်းဆောင် ၄၀အပါအဝင် နိုင်ငံပေါင်း၁၈၁နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့တဲ့ ရောမစားနပ်ရိက္ခာဖူလုံရေး ထိပ်သီးညီလာခံမှာ ဒေါ်လာ ၁၁ဘီလီယံကို ကတိကဝတ်ပြုခဲ့ကြပါတယ်။ ဒီငွေကြေးတွေကို စားနပ်ရိက္ခာလိုအပ်နေသူတွေအတွက် အရေးပေါ်စားနပ်ရိက္ခာ အကူအညီပေးရေးနဲ့ သီးနှံထုတ်လုပ်မှုမြှင့်တင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ဦးမော့လာရေးအတွက် အသုံးပြုမှာဖြစ်ပါတယ်။ မြားမြောင်လှတဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ကြိုးစားခြင်းဟာ ကြီးမားတဲ့ပြဿနာတစ်ရပ်မဟုတ်ပါဘူး။ ဒါဟာ တစ်ကမ္ဘာလုံးအတွက် ကောင်းသောစတင်ခြင်းတစ်ရပ်ပါ။

ဒီလို ကတိကဝတ်တွေကို မစောင့်ထိန်းကြတာဟာ ယနေ့ မျက်မှောက်ကာလရဲ့ စိန်ခေါ်မှုပါ။ ဒေါ်လာဘီလီယံ ရာပေါင်း များစွာကို ချည့်နဲ့နေတဲ့ဘဏ္ဍာရေးအဖွဲ့အစည်းတွေကိုကယ်တင်ဖို့ အသုံးပြုရန်ကလွဲပြီး အစိုးရတွေမှာ ရွေးချယ်စရာ သိပ်မရှိလှပါဘူး။ သို့သော်လည်း သူတို့အတွက် ရွေးချယ်ရ ခက်နေပါတယ်။ အချို့သောနိုင်ငံတွေအနေနဲ့ ဒီအခြေအနေကိုဖြေရှင်းဖို့အတွက် အခြားအစီအစဉ်တွေက ရန်ပုံငွေတွေကို ဖြတ်တောက်ရမှာ ဖြစ်ပါတယ်။ အစိုးရအသုံးစရိတ်တွေထဲက ရေပန်းစားမှု အနည်းဆုံးထဲက တစ်ခုကတော့ နိုင်ငံခြားအကူအညီပါပဲ။ ပြည်သူတွေ မေးလေ့မေးထရှိတဲ့ မေးခွန်းတစ်ခုကလည်း ကိုယ့်ပြည်တွင်းမှာ အခြေအနေတွေ ကျပ်တည်းနေတဲ့ကြားက ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဆင်းရဲနွမ်းပါးတဲ့ တောင်သူတွေကို ဘာကြောင့် ငွေကြေးထောက်ပံ့နေမှာလဲ ဆိုတာပါပဲ။ အဖြေကို ရှင်းရှင်းလင်းလင်းကြည့်ကြပါစို့။

ဒါဟာတကယ်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက တောင်သူတွေရဲ့ ပြဿနာတစ်ခုတည်းလို့ ယူဆလို့မရပါဘူး။ လူတိုင်းရဲ့ပြဿနာပါ။ ယနေ့ခေတ်သစ်ကြီးထဲမှာ တိုင်းပြည်တစ်ပြည်ဟာ ကြွယ်ဝချမ်းသာနေပေမယ့် စားနပ်ရိက္ခာဖူလုံပြီလို့ မဆိုသာပါဘူး။ အချမ်းသာဆုံးနိုင်ငံကြီးတွေတောင် စားနပ်ရိက္ခာအမြောက်အမြား တင်သွင်းနေရတာပါပဲ။ ပြည်ပကိုဆန်တင်ပို့တဲ့ နိုင်ငံတွေလည်း တခြားနိုင်ငံတွေဆီက ဂျုံတွေတင်သွင်းဖို့ လိုအပ်နေတုန်းပါပဲ။ ဒီနေရာမှာ ကမ္ဘာကြီးဟာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီတည်နေတယ်ဆိုတာပါပဲ။ ဒါ့ကြောင့် ဒီပြဿနာဟာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ဖြေရှင်းမှရမယ့်ပြဿနာပါ။ ဒီတော့ ရောမမြို့မှာထားရှိခဲ့တဲ့ ကတိကဝတ်တွေကို မဖြစ်မနေ ဖြည့်ဆည်းရပါမယ်။ အချိန်မီကို ဖြည့်ဆည်းရမှာပါ။

စားနပ်ရိက္ခာဈေးနှုန်းကျဖို့အတွက် စားနပ်ရိက္ခာ ထုတ်လုပ်မှုကို မြှင့်တင်ရပါလိမ့်မယ်။ ကမ္ဘာ့ပြည်သူတွေရဲ့ကြီးထွားလာတဲ့ လိုအပ်ချက်တွေကို ပြည့်မီအောင် ရိက္ခာတွေထုတ်လုပ်ဖို့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေကို မဖြစ်မနေ တိုးချဲ့ရမှာပါ။ မြေသြဇာကြွယ်ဝတဲ့ ရိက္ခာထုတ်လုပ်ရာဒေသတွေမှာ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတွေ တိုးမြင့်လာမှုရဲ့ နောက်ကွယ်မှာ ရာသီဥတုပြောင်းလဲမှုဟာ အဓိကအကြောင်းတရားတစ်ခု ဖြစ်လို့နေပါတယ်။ ထောက်ပံ့ငွေတွေနဲ့ ကုန်သွယ်မှုအတားအဆီးတွေဟာ ဈေးကွက်ကို ကမောက်ကမဖြစ်စေပြီး ထုတ်လုပ်ရေးနဲ့ ဖြန့်ဖြူးရေးတွေမှာ ထိရောက်မှုကို ကျဆင်းစေပါတယ်။

စားနပ်ရိက္ခာထုတ်လုပ်မှု ကျဆင်းရခြင်းရဲ့ အဓိကအကြောင်းတရားကတော့ ဖွံ့ဖြိုးဆဲကမ္ဘာက လယ်သမားအများစုဟာ သူတို့အစွမ်းအစရှိသလောက် ထုတ်လုပ်နိုင်ခွင့် မရကြလို့ပါပဲ။ သူတို့မှာ နှစ်စဉ်နှစ်တိုင်း အသီးအနှံ အမြောက်အမြားစိုက်ပျိုးပြီး အမြောက်အမြားရိတ်သိမ်းနိုင်စွမ်းရှိကြပါတယ်။ ကံမကောင်းစွာနဲ့ပဲ သူတို့မှာ ဒီလိုလုပ်ကိုင်ဖို့အတွက် နည်းပညာ၊ ပစ္စည်းကိရိယာနဲ့ အခြေခံအဆောက်အအုံတွေက ဗလာနတ္ထိ ဖြစ်နေကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ အထောက်အပံ့တွေရရှိမှသာလျှင် ဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပြီး ကျွန်ုပ်တို့အားလုံးအတွက် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရိက္ခာတွေဖူလုံအောင် ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှုဟာ လူ့အဖွဲ့အစည်း အတော်များများအတွက် အခြားကောင်းကျိုးတစ်ခုကိုလည်း ဆောင်ကြဉ်းပေးနိုင်ပါတယ်။ အဲဒါကတော့ လူမှုဖူလုံရေးပါပဲ။ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း အာရှအကျပ်အတည်း စတင်ဖြစ်ပေါ်ချိန် စက်ရုံတွေပိတ်ပြီး အလုပ်အကိုင်တွေမဲ့သွားတော့ မြို့ကြီးပြကြီးတွေကို ရွှေ့ပြောင်းလုပ်ကိုင်ကြတဲ့ ကျေးလက်ပြည်သူအတော်များများဟာ သူတို့ရဲ့ကျေးရွာတွေနဲ့ လယ်ယာလုပ်ငန်းခွင်တွေဆီကို ပြန်လည်ခြေဦးလှည့်ခဲ့ကြပါတယ်။ အဲဒီမှာ အရင်းအမြစ်တွေကလည်း အလျှံပယ်၊ ဝေမျှစရာ ရိက္ခာတွေကလည်း ရှိနေပါသေးတယ်။ အစိုးရတွေက စက်မှုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ အလေးထားဆောင်ရွက်လာကြတဲ့အခါ စိုက်ပျိုးရေးမှာ မြှုပ်နှံထားကြရတဲ့ သူတို့ရဲ့ဘဝတွေဟာ ပို၍ပို၍ ခက်ခဲလာခဲ့ရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံက အစိုးရတွေဟာ ကိုယ်လုပ်စရာရှိတာတွေကို မဖြစ်မနေ လုပ်ကြရတော့မှာပါ။ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးဖို့နဲ့ ထုတ်လုပ်မှု မြှင့်တင်ဖို့ အရင်းအနှီးတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေကပဲ စိုက်ထုတ်ရမှာပါ။ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ကျွန်ုပ်တို့ကို မတောင့်မတ၊ မကြောင့်မကြ နေနိုင်စေဖို့ စိုက်ပျိုးရေးကို ကျားကန်ပေးမယ့် မူဝါဒတွေ အရေးပေါ် ရေးဆွဲဖို့ လိုအပ်နေပါပြီ။

ဒါကို ဘယ်နိုင်ငံကမှ တစ်ကိုယ်တော် မစွမ်းဆောင်နိုင်ပါဘူး။ ပူးပေါင်း ဆောင်ရွက်မှုတွေလိုအပ်ပြီး အလှူရှင်တွေအနေနဲ့လည်း ရောမနဲ့ အခြားနေရာတွေမှာ ထားရှိခဲ့တဲ့ နိုင်ငံရေးကတိကဝတ်တွေနဲ့ တရားဝင် ဖွံ့ဖြိုးရေး အကူအညီတွေကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ မပျက်မကွက် ဖြည့်ဆည်းပေးရပါမယ်။ ဘဏ္ဍာရေး၊ စားနပ်ရိက္ခာနဲ့ လောင်စာဆီပြဿနာတွေဟာ တစ်ပြိုင်တည်းလိုလို ဖြစ်ပေါ်လာတာကြောင့် ကမ္ဘာနဲ့အဝန်းဟာ တစ်မဟုတ်ချင်း ပျံ့လွင့်ရိုက်ခတ်လာနိုင်ပါတယ်။ ဒါကို တုံ့ပြန်ကာကွယ်ဖို့ ကြိုးစားတဲ့နေရာမှာ ဘဏ်လုပ်ငန်းရှင်တွေနဲ့ လယ်သမားတွေရယ်လို့ ခွဲခြားလို့မရပါဘူး။ ဘဏ္ဍာရေးမှာ လုပ်ကိုင်သူတွေ အမှားတွေကျူးလွန်ခဲ့သလို စိုက်ပျိုးရေးကဏ္ဍမှာ လုပ်ကိုင်သူတွေအတွက် အမှားမကျူးလွန်မိစေဖို့ လိုပါတယ်။ ဒီတော့ ကျွန်ုပ်တို့အနေနဲ့ သူတို့ရဲ့အောင်မြင်မှုအတွက် ပစ္စည်းကိရိယာတွေ တပ်ဆင်ပေးရပါမယ်။ အောင်မြင်မှုအတွက် မျိုးစေ့တွေ ချပေးရပါမယ်။ သူတို့အောင်မြင်မှုဟာ ကျွန်ုပ်တို့ရဲ့ စားပွဲပေါ်ကို စားသောက်ဖွယ်ရာတွေ ဆောင်ကြဉ်းလာပါလိမ့်မယ်။ သူတို့ရဲ့လုပ်ငန်းက အသီးအပွင့်တွေဟာ ကျွန်ုပ်တို့ဘဝရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာပါလိမ့်မယ်။ ။

> **ယနေ့ခေတ်သစ်ကြီးထဲမှာ တိုင်းပြည်တစ်ပြည်ဟာ ကြွယ်ဝချမ်းသာနေပေမယ့် စားနပ်ရိက္ခာဖူလုံပြီလို့ မဆိုသာပါဘူး။ အချမ်းသာဆုံး နိုင်ငံကြီးတွေတောင် စားနပ်ရိက္ခာ အမြောက်အမြား တင်သွင်းနေရတာပါပဲ။ ပြည်ပကို ဆန်တင်ပို့တဲ့ နိုင်ငံတွေလည်း တခြားနိုင်ငံတွေဆီက ဂျုံတွေ တင်သွင်းဖို့ လိုအပ်နေတုန်းပါပဲ။ ဒီနေရာမှာ ကမ္ဘာကြီးဟာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီတည်နေတယ်ဆိုတာပါပဲ။**

ပစ္စည်းမှန်၊ အရည်အသွေးမြင့်၊ ဈေးနှုန်းချိုသာသည့် ပစ္စည်းများ တောင်ဥက္ကလာပ စက်မှု(၁)အထူးဈေးရောင်းပွဲတော်၌ ဝယ်ယူနိုင်ကြပြီ

သတင်းမြင်ကွင်း–မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု–သန်းဇော်

ရန်ကုန် ဒီဇင်ဘာ ၂၀

နိုင်ငံတစ်ဝန်း၌ စက်မှု(၁)အထူးဈေးရောင်းပွဲတော်များကို မပြတ်တမ်းကျင်းပလျက်ရှိသည်။ အမျိုးအစားမှန်ကန်ခြင်း၊ ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်ခြင်းနှင့် ဈေးနှုန်းချိုသာခြင်းတို့ကြောင့် စက်မှု(၁) အထူးဈေးရောင်းပွဲတော်များ၌ ပြည်သူများနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိရာ အောင်မြင်မှုရရှိနေသည်။

ဖွင့်လှစ်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာအားကစားကွင်း၌ ဒီဇင်ဘာ၂၀ရက် နံနက်စနာရီခွဲကကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီး

“ဒီလို ဈေးရောင်းပွဲတော်တွေ နှစ်စဉ် ပြုလုပ်သွားမှာပါ။”

ဦးကျော်ဝင်း
ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းစက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန

ဌာန၊ ပဲင်ပြာရည်နှင့် ရှာလကာရည်စက်ရုံမှူး ဦးရဲမြင့်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် စက်မှု(၁) အထူးဈေးရောင်းပွဲတော် ဆိုင်းဘုတ်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ရှင်းပြ

စက်မှု(၁)အထူးဈေးရောင်းပွဲတော်များ ဖွင့်လှစ်ရောင်းချမှုနှင့် ပတ်သက်ပြီး “နိုင်ငံတော်အကြီးအကဲရဲ့ ညွှန်ပြမှုအရ ပြည်သူလူထုလက်ဝယ်အရောက် စက်မှု(၁) ထုတ်ကုန်များကို ဈေးနှုန်းချိုချိုသာသာနဲ့ရောင်းချပေးရန် ဆိုတဲ့အတိုင်း အခုလို ဈေးပွဲတော်တွေဖွင့်လှစ်ရောင်းချနေခြင်း ဖြစ်ပါတယ်။ ဒီလိုစက်မှု(၁) အထူးဈေးရောင်းပွဲတော်တွေကို နိုင်ငံအနှံ့ကျင်းပပေးနေတာဟာ နယ်တွေမှာဆို တစ်လနှစ်ပွဲကနေ သုံးပွဲ၊ ရန်ကုန်မြို့မှာ တစ်လသုံးပွဲလောက် ကျင်းပရောင်းချပေးနေပါတယ်။ ဒီလိုဈေးပွဲတော်တွေ နှစ်စဉ် ပြုလုပ်သွားမှာပါ”ဟု အမှတ်(၁)စက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

စက်မှု(၁) အထူးဈေးရောင်းပွဲတော်များ၌ ပြည်သူများနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိမှုကြောင့် တစ်နှစ်ပတ်လုံး မပြတ်တမ်းကျင်းပ လာနိုင်ခဲ့ခြင်းဖြစ်သည်။

“ပစ္စည်းမှန်ဈေးမှန်မို့ ဝယ်ရတာ စိတ်တိုင်းကျပါတယ်။”

ဒေါ်ကျော့ကျော့ဆွေ
တောင်ဥက္ကလာပမြို့နယ်

ထို့နောက် သံသုမာအားကစားကွင်းအတွင်း ခင်းကျင်း ရောင်းချနေသည့် စက်မှု(၁) အရောင်းဆိုင်များအားဝင်ရောက် လေ့လာခဲ့ရာ စုစုပေါင်းခြောက်ဆိုင် ဖွင့်လှစ်ထားသည်ကိုတွေ့ရသည်။

အားပေး

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း အရောင်းပြခန်းတွင် စတီးပစ္စည်းအမျိုးမျိုး၊ ကြွေရည်သုတ်ပန်းကန်နှင့်ခွက်များ၊ ထီးနှင့်ဖိနပ်များ ရောင်းချပေးနေသည်ကို တွေ့ရသည်။ ဈေးဝယ်သူများကလည်း ဈေးနှုန်းချိုသာသဖြင့် ဝယ်ယူအားပေးလျက်ရှိသည်။

ကြွေထည်မြေထည်

မြန်မာ့စားသောက်ကုန် လုပ်ငန်းအရောင်းဆိုင်တွင် မုန့်မျိုးစုံနှင့် သကြားလုံးများ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့်အခြားအစားအစာများကို ရောင်းချနေသည်မှာ ဝယ်သူများဖြင့် စည်ကားနေသည်။ ထို့အတူ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းအရောင်းဆိုင်တွင်လည်း အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သော ကြွေထည်၊ မြေထည်များ၊ အလှပန်းအိုးများ၊ ပန်းကန်ပြား၊ ပန်းကန်လုံးနှင့် ကြွေရည်သုတ် ရေနွေးကရားများကို တွေ့ရသည်။

ထို့နောက် စက်မှု(၁)ဈေးရောင်းပွဲတော်အတွင်း ဈေးလာဝယ်သူအမျိုးသမီးကြီးတစ်ဦးကို မေးမြန်းကြည့်ရာ “အမည်က ဒေါ်ကျော့ကျော့ဆွေလို့ ခေါ်ပါတယ်။ တောင်ဥက္ကလာပမှာ နေတာပါ။ ဈေးပွဲတော်မှာ မုန့်နဲ့အသုံးအဆောင်ပစ္စည်းတွေ လာဝယ်တာဖြစ်ပြီး သတ္တုပစ္စည်းတွေလည်းဝယ်ဦးမှာပါ။ ဒီမှာ ဝယ်ရတာ

ပစ္စည်းမှန်၊ ဈေးမှန်မို့ ဝယ်ရတာစိတ်တိုင်းကျတယ်”ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ရောင်းချ

တစ်ဖန် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းများလုပ်ငန်း အရောင်းဆိုင်တွင် ဗီတာမင်ဆေးများ၊ ပြည်တွင်းထုတ် ဆေးဝါးအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်သူများ အကြိုက်ပင်ဖြစ်သည်။ ထို့အတူ မြန်မာ့အထည်အလိပ်လုပ်ငန်း အရောင်းဆိုင်တွင်လည်း ပိတ်စများ၊ အဝတ်အထည်များ၊ အသင့်ချုပ် ကျား၊မ အင်္ကျီများကို အရောင်စုံ၊ ဒီဇိုင်းစုံ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အရောင်းဆိုင်တွင်လည်း စားရေးကိရိယာများ၊ စက္ကူအမျိုးမျိုး၊ ဝိမ်သုတ်ဆေး အမျိုးမျိုးနှင့် တစ်လီတာဝင် ဆပ်ပြာရည် လီတာဘူးများကိုလည်း ဈေးနှုန်းသက်သာစွာရောင်းချပေးနေသည်ကို တွေ့ရသည်။ စက္ကူအမျိုးမျိုး၊ ဗလာစာအုပ် အမျိုးမျိုးကိုလည်း စိတ်တိုင်းကျဝယ်ယူနိုင်လေသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို တာဝန်ရှိသူများက ဤသို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ (မြန်မာ့အလင်း)

မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ရောင်းချသော အရောင်မျိုးစုံ အထည်အလိပ်များ။ (မြန်မာ့အလင်း)

စိတ်တိုင်းကျ ဝယ်ယူနိုင်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာ အားကစားကွင်း၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်မှု(၁)အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၀ရက်မှ ၂၆ရက်အထိ နေ့စဉ်နံနက်စနာရီမှ ညစနာရီအထိ ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို စိတ်တိုင်းကျ ဝယ်ယူနိုင်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စက်မှု(၁) အထူးဈေးရောင်းပွဲတော်၌ ပြည်သူများ ဝယ်ယူအားပေးလျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ဘော်လ်တန်တို့အိမ်ကွင်း၌ သုံးမှတ်အပြည့်ယူ မစ်ဒယ်ဘရော့တို့ အမှတ်ဗလာဖြင့် အိမ်ပြန်ခဲ့ရ

အားကစားသတင်းမှတ်စု – မောင်ချစ်ကြည်

လန်ဒန် ဒီဇင်ဘာ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၁၈)ကို ဒီဇင်ဘာ ၂၀ရက်က ဆက်လက်ယှဉ်ပြိုင် ကစားရာ ဘလက်ဘန်း၊ ဘော်လ်တန်၊ ဖူလ်ဟမ်နှင့် ဆန်းဒါးလန်းတို့နိုင်ပွဲများ အသီးသီးရရှိခဲ့ကြသည်။

ဘော်လ်တန်နှင့် ပို့စ်မောက်

ဘော်လ်တန်တိုက်စစ်မှူး တေလာက ပွဲအစ တစ်မိနစ်မှာပင် ဒေးဗစ်ခေါင်းတိုက်လျှံထွက်လာသည့် ဘောလုံးကို ညာခြေဖြင့် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် စောစီးစွာ ဂိုးရရှိခဲ့သည်။ ပို့စ်မောက်တို့ အငိုက်မိသွားသဖြင့် ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် သုံးမိနစ်၌ ဘော်လ်တန်ကွင်းလယ်ကစားသမား ဂတ်နာက ပို့စ်မောက်ဂိုးဧရိယာအတွင်းမှ ဘယ်ခြေဖြင့် အပိုင်ကန်သွင်းခဲ့ရာမှ ဒုတိယဂိုးရရှိခဲ့ပြန်သည်။ ပို့စ်မောက်တိုက်စစ်မှူး ပီတာခရော့ချ်က ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူပေးခဲ့သဖြင့် ချေပဂိုး တစ်ဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်၍ ပို့စ်မောက်တို့ ရှုံးပွဲရလဒ်ကို လက်ခံခဲ့ရခြင်းဖြစ်သည်။

ဘော်လ်တန်နှင့် ပို့စ်မောက်တို့ပွဲတွင် ဘော်လ်တန်တိုက်စစ်မှူး တေလာက ဤသို့ အဖွင့်ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဖူလ်ဟမ်နှင့် မစ်ဒယ်ဘရော့

မစ်ဒယ်ဘရော့တို့ အဝေးကွင်းဖြစ်သော်လည်း ဂိုးသွင်းခွင့် ၁၄ကြိမ် ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့ရာ တစ်ဂိုးမျှ မသွင်းယူနိုင်ခဲ့ချေ။ အိမ်ရှင် ဖူလ်ဟမ်တို့က မိနစ်၄၀၌ ကွင်းလယ်ကစားသမား ဘူလ်လက်က တစ်ဂိုး၊ ၅၃မိနစ်၌ မူရာဖီက ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဂိုးနှင့် ၅၉မိနစ်၌ ကွင်းလယ်ကစားသမား ဒမ်ပါဆေးက တစ်ဂိုးသွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ သုံးဂိုးပြတ်နှင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဘလက်ဘန်းနှင့် စတုတ်

စတုတ်တို့က အဝေးကွင်းဖြစ်သော်လည်း ဘလက်ဘန်းကို ခြေရည်တူကစားပြီး ဆန်ကာ ဦးဆောင်သော ဘလက်ဘန်းခံစစ်ကြောင်းကို ထိုးဖောက်ကစားနိုင်ခဲ့သည်။ စတုတ်တို့က ခြေကုန်ထုတ်သော်လည်း ရရှိသည့် အခွင့်အရေးကို အပြည့်အဝရအောင် မယူနိုင်ခဲ့ချေ။

အနိုင်ရ

ဘလက်ဘန်းတို့ကလည်း ကြိုးစားကစားခဲ့ရာ ကိုးမိနစ်၌ မက်ကာသေး ပယ်နယ်တီ ဧရိယာအတွင်းမှ ညာခြေဖြင့် အနီးကပ်ကန်သွင်းယူခဲ့ခြင်းကြောင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ စတုတ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများ ကန်ချက်မမှန်မှုကြောင့် အချည်းအနှီးဖြစ်ခဲ့ရသည်။ ဘလက်ဘန်းအတွက် ဒုတိယဂိုးကို ၁၈မိနစ်၌ ရောဘတ်စ်က သွင်းယူပေးပြီး တတိယဂိုးကို ၂၇မိနစ်၌ တိုက်စစ်မှူး မက်ကာသေးကပင် သွင်းယူခဲ့သဖြင့် ဘလက်ဘန်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



ဘလက်ဘန်းနှင့် စတုတ်တို့ပွဲတွင် ဘလက်ဘန်း ကွင်းလယ်ကစားသမား ပီဒါဆင် (၀)နှင့် စတုတ်တိုက်စစ်မှူး ဖူလ်လာတို့ ဘောလုံးရရှိရေး ဤသို့ ကြိုးစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်

ဟူးလ်စီးတီး ၁–၄ ဆန်းဒါးလန်း

(ကိုးကား–အင်တာနက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

လားရှိုး ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာစရက်က လားရှိုးမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားပြီး တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စန်းလွင်က လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ဆက်လက်၍ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးက စံပြရဲစခန်းဆု၊ တရားစွဲတင် ရာနှုန်းစွဲတင်ပြည့်မီဆု၊ ရဲစည်းကမ်းအကောင်းဆုံး ဆုရရှိခဲ့သည့် မြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများအား ဆုချီးမြှင့်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် (ပ၊ဒု၊တ) ရရှိခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ကြောင်းသိရသည်။ **(ပြည်နယ်ရဲတပ်ဖွဲ့)**

ခရီးသွားလုပ်ငန်း အထောက်အကူပြု ရုရှားဘာသာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ခရီးသွားလုပ်ငန်းအထောက်အကူပြု ရုရှားဘာသာသင်တန်း (Intermediate Level) ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ရာ ရုရှားဘာသာအခြေခံရှိပြီးသူများ၊ ဧည့်လမ်းညွှန်နှင့် စကားပြန်လုပ်လိုသူများ တက်ရောက်နိုင်ကြပြီး ရုရှားလူမျိုး သင်တန်းဆရာက ပို့ချမည်ဖြစ်ရာ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်၍ လူဦးရေကန့်သတ်ထားသည်။

စာရင်းပေးသွင်းနိုင်

အသေးစိတ်ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း-၅၅၉၆၇၂နှင့် ၅၅၉၆၇၃တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲဆင်နွှဲ အားကစားပြိုင်ပွဲများကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၀ (ဖက်စ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာလူထုအားကစားလ တတိယပတ် လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက စစ်တွေမြို့ မြို့တော်ခန်းမအရှေ့စုရပ်မှ ဝေသာလီရင်ပြင်အားကစားကွင်းအထိ မေယုလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ပွဲကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင် ဦးဆောင်သော ဒေသခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုများ၊ ပြည်နယ်၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်တွေခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဥက္ကဋ္ဌနှင့် ပြည်နယ်၊ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးစောင့်ရှောက်ရေးအသင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အစိုးရမဟုတ်သော NGO များမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀၀ကျော် တက်ရောက်ကာ လမ်းလျှောက်ပွဲ ဆင်နွှဲကြသည်။

ဆုများပေးအပ်

ဝေသာလီရင်ပြင် အားကစားကွင်းစုရပ်တွင် လမ်းလျှောက်သူများ ကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများပြုလုပ်ပြီး အားကစားပြိုင်ပွဲများကျင်းပရာ လမ်းလျှောက်ပွဲ ပါဝင်သူတိုင်း မည်သူမဆို ပါဝင်နိုင်ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။ **(၁၁၃)**

မြန်မာ့အလင်း အားကစား ဖောင်ပိတ်သတင်း

အာဆင်နယ်နှင့် လီဗာပူးတို့ ယနေ့ကစားမည့်ပွဲ နောက်ဆုံးသတင်း

လန်ဒန် ဒီဇင်ဘာ ၂၀

ပရီမီယာလိဂ်ပွဲစဉ် (၁၈)အဖြစ် အာဆင်နယ်နှင့် လီဗာပူးတို့(**ယနေ့**)ကစားမည့်ပွဲနှင့် ပတ်သက်၍ နောက်ဆုံးရရှိသည့် သတင်းများအရ ဒဏ်ရာရရှိနေသော အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား နာဆရီ ပြန်လည်ကစားနိုင်မည်ဖြစ်သည်။ နာဆရီသည် ပြီးခဲ့သည့်လက မန်ယူအသင်းအား အာဆင်နယ်က အနိုင်ယူခဲ့ရာတွင် နှစ်ဂိုးသွင်းပေးခဲ့သူဖြစ်သည်။

ပါဝင်ကစားမည်

နာဆရီသည် ပြီးခဲ့သည့် သီတင်းပတ်က ဝီဂန်နှင့်အာဆင်နယ်တို့ တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲ၌ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး ယခုအခါသက်သာလာပြီး လီဗာပူးနှင့်ပွဲ၌ ပါဝင်ကစားမည်ဖြစ်သည်။ အာဆင်နယ်နောက်ခံလူ တိုရေးနှင့် တိုက်စစ်မှူး ဘင့်တနာတို့ ဒူးဒဏ်ရာကြောင့် ပါဝင်ကစားရန် မသေချာပေ။



လီဗာပူးနှင့်ပွဲ၌ ပြန်လည်ကစားမည့် အာဆင်နယ် ကွင်းလယ်ကစားသမား နာဆရီ။ (အင်တာနက်ဓာတ်ပုံ)

ထို့အတူ ဒဏ်ရာရရှိနေသော ဝေါကော့သ်နှင့် ရိုဆစ်စကီးတို့လည်း မကစားနိုင်သလို ဒါဆေးလ်ဗားလည်း ကြံ့ခိုင်မှုမပြည့်ဝသဖြင့် ပွဲချိန်ပြည့်မကစားနိုင်ကြောင်း သိရသည်။

ထပ်မံနားမည်

အာဆင်နယ်ကွင်း၌ သွားရောက်ကစားရမည့် လီဗာပူးအသင်းတွင် တံကောက်ကြော ဒဏ်ရာရရှိနေသော တိုက်စစ်မှူး တောရက်စ် နောက်ထပ် သီတင်းတစ်ပတ် ထပ်မံနားရမည်ဖြစ်ရာ ပါဝင်ကစားနိုင်ဖွယ်မရှိချေ။ သို့သော် ဒူးဒဏ်ရာကြောင့် နှစ်လခန့် အနားယူနေခဲ့ရသော မာတင်စကာတယ် ပြန်လည်ကစားနိုင်ဖွယ်ရှိနေသည်။

စီစဉ်ထား

ထို့အတူ ဒဏ်ရာကြောင့် ပရီမီယာလိဂ်သုံးပွဲ ပါဝင်မကစားနိုင်ခဲ့သော ဘရာဇီးနှင့် လီဗာပူး ဝဲအစွန်နောက်ခံကစားသမား အော်ရယ်လီရိုလည်း ယခုပွဲ၌ ပါဝင်ကစားနိုင်မည်ဖြစ်သည်။ တစ်ဖန် ကာရေဂါနှင့် ဟက်ပီယာတို့လည်း ပါဝင်ကစားကြမည်ဖြစ်ပြီး လီဗာပူးတိုက်စစ်တွင် ဒရက်ကွတ်နှင့် ရော်ဘီကိန်းတို့အတွဲဖြင့် ပွဲထွက်ရန် နည်းပြဘင်နီတက်ဇ်က စီစဉ်လျက်ရှိသည်။ **ကိုးကား-အင်တာနက်**

လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ အမျိုးသမီးများအတွက် အင်္ဂလိပ်စာ သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နွယ်သာကီဆောင်၌ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက ဖွင့်လှစ်ပို့ချလျက်ရှိသော အမျိုးသမီးများအတွက် အင်္ဂလိပ်စာသင်တန်း (Communicative English Language Course for Women) သို့ ရောက်ရှိပြီး သင်တန်းသူများ အင်္ဂလိပ်စာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုကာ ဆရာမများနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်ပို့ချ

အဆိုပါ အမျိုးသမီးများအတွက် အင်္ဂလိပ်စာသင်တန်းကို နိုဝင်ဘာ၂၃ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချလျက်ရှိပြီး အမျိုးသမီးသင်တန်းသူ ၉၀တက်ရောက် သင်ယူလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ဟားခါးမြို့တွင် ပျော်ရွှင်စွာဆင်နွှဲ

ဟားခါး ဒီဇင်ဘာ ၂၀ (ဖက်စ်)

ချင်းပြည်နယ် ဟားခါးမြို့တွင် ဒီဇင်ဘာ လူထုအားကစားလ၏ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅နာရီက ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်/မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ပါဝင်ဆင်နွှဲ

အဆိုပါလမ်းလျှောက်ပွဲကို ဟားခါးမြို့ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းဆိုင်ရှေ့မှ ဗိုလ်ချုပ်လမ်းအတိုင်း ဝမ္မသူးမောင် အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ ဝမ္မသူးမောင် အားကစားကွင်း၌ ပြည်နယ်အတွင်းရေးမှူး ဦးတင်မြင့်နှင့် အဖွဲ့ဝင်များသည် ပြည်သူလူထုနှင့်အတူ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ကြီးမှူးပြုလုပ်သော ကာယလေ့ကျင့်ခန်းများ ပျော်ရွှင်စွာ စုပေါင်းဆောင်ရွက်ကြသည်။ စုပေါင်းလမ်းလျှောက်ပွဲ၌ ပြည်သူ ၈၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

(ပြည်နယ် ပြန်/ဆက်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မီးဘေးကြိုတင် ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနနှင့် အင်းစိန်မြို့နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက်အတွင်းသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်း၊ မြို့နယ်အရန်မီးသတ်တပ်ရင်း၊ ဒုတပ်ရင်းမှူး ဦးလှသောင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှနိုင်၊ အဖွဲ့ဝင် ဦးသက်နိုင်တို့ပါဝင်သော အဖွဲ့ဝင် ၅၀သည် ဒီဇင်ဘာ ၁၆ရက် နံနက်၉ နာရီမှစတင်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူနေအိမ်များသို့ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးဖိုများစနစ်တကျ သုံးစွဲရေးနှင့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေများ ထားရှိရေးကို မှာကြားသည်။ **(အောက်ပုံ)** (၁၂၇)

ရွှေတိဂုံစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

ဗုဒ္ဓမြတ်စွာသာသနာတော်၏ မဏ္ဍိုင်ဦးသျှောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်ဖြစ်တော်မူသည်သာမက ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ၂၀၀၈ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရွှေစင်၊ ရွှေပြားများ စုတ်ကွာလွင့်စဉ်ပျက်စီးခဲ့ရသောကြောင့် ရွှေသင်္ကန်းတော်များ ပြန်လည်ကပ်လှူခြင်းနှင့်အတူ ရွှေထီးတော်ကြွခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငြိမ်းစေတီတည်ဆောက်ထားပြီးဖြစ်သည်။

ရှေးယခင်ပညာရှင်များ၏ ရေးသားမှတ်တမ်းတင်ခဲ့သော အကြံပြုချက်များအရ စေတီတော်ကြီး၏ အင်္ဂါရပ်တော်အသီးသီးအနက် သေးသွယ်အားနည်းသော ကြာလှန်၊ ကြာမှောက်ရေိယာကို ပိုမိုကြွခိုင်တောင့်တင်းစေရန် အားဖြည့်မွမ်းမံခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အခွင့်အခါကြုံဆုံစည်းသောကာလတွင် ရဟန်းရှင်လူပြည်သူများအနေဖြင့် သဒ္ဓါတတ်အားနည်းများမဟူ ပါဝင်လှူဒါန်းနိုင်ကြသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေစင်၊ ရွှေပြားများအား ပုဂ္ဂလိကကုသိုလ်ဒါနအနေဖြင့် ပါဝင်လှူဒါန်းလိုပါက အောက်ပါအတိုင်း ကမ္ဘည်းမော်ကွန်းရေးထိုး၍ လှူဒါန်းနိုင်ပါသည်-

(၁) ရွှေစင်	၆	ကျပ်သား	၁ ချပ်	ကျပ်	၃၁၂၀၀၀၀	နှုန်း
(၂) ရွှေစင်	၃	ကျပ်သား	၁ ချပ်	ကျပ်	၁၅၆၀၀၀၀	နှုန်း
(၃) ရွှေစင်	၁ ½	ကျပ်သား	၁ ချပ်	ကျပ်	၇၈၀၀၀၀	နှုန်း
(၄) ရွှေစင်	၁	ကျပ်သား	၁ ချပ်	ကျပ်	၅၂၀၀၀၀	နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၅၁၈၅၁၊ ၃၇၅၇၆၇၊ ၃၇၁၀၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့ဆုတောင်း

ကျေးဇူးကြီးမား၊ ချစ်ခင်လေးစားရပါသော ချစ်မေမေ **ဒေါ်အေးအေးမွန်** (တွဲဖက်ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်၊ မန္တလေး)၏ ၂၁-၁၂-၂၀၀၈ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့မှသည် မိသားစုနှင့်အတူ သက်ဆုံးတိုင် သက်ရှည်ကျန်းမာ၊ အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးများကို အောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ-

မခင်ငြိမ်းငြိမ်းအေး - B.A (Hons), M.A., M.Res Ph.D (Thesis) (နည်းပြ၊စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
မောင်ဝေဥူထွန်း - LL.B, LL.M (ဒုတိယမြို့နယ်တရားသူကြီး၊ပုဇွန်တောင်မြို့နယ်တရားရုံး)
မပွင့်သဉ္ဇာထွန်း - LL.B, LL.M, D.BL
မောင်ဆွေလင်းထွန်း - 2nd M.B.,B.S (ဆေးတက္ကသိုလ်-၁)
မောင်ထွန်းနောင်လင်း - (Grade-10,B အထက-၂၊ ကမာရွတ်)
မောင်ရျာန်ရဲထက် - (Grade-9,E အထက-၂၊ ကမာရွတ်)။

ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်
အစုရှယ်ယာများရောင်းချရန်ကြေညာစာ

၁။ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့်အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်များ ထားရှိပါသည် -

(က) ဆန်စပါးလယ်ယာထွက်ကုန် ပြည်တွင်းပြည်ပရောင်းဝယ်မှုလုပ်ငန်း၊
(ခ) သစ်နှင့်သစ်တောထွက်ပစ္စည်း ပြည်တွင်းပြည်ပရောင်းဝယ်မှုလုပ်ငန်း၊
(ဂ) ရေထွက်ကုန်ပစ္စည်း ပြည်တွင်းပြည်ပရောင်းဝယ်မှုလုပ်ငန်း၊
(ဃ) စက်ရုံသုံးပစ္စည်း ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊
(င) စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကုမ္ပဏီသည် အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀၀၀၀သတ်မှတ်၍ အစုရှယ်ယာတစ်သိန်းတိတိကို တိုင်းရင်းသား၊ နိုင်ငံသားလုပ်ငန်းရှင်များအား ကနဦးထုတ်ဝေရောင်းချပေးလျက်ရှိပါသည်။

၃။ ထိုသို့ ရောင်းချရာတွင် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် အစုရှယ်ယာများကို အများဆုံး ၅၀၀၀စု၊ ကျပ်သိန်း ၅၀၀အထိ ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၄။ စိတ်ပါဝင်စားသူများသည် ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်း၍ လိုအပ်သောပုံစံများ ရယူဖြည့်သွင်းပြီး အစုရှယ်ယာဝယ်ယူရေးကိစ္စများ ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်ရုံး
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(ဒုတိယထပ်)
အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၁၄၃၄၄-၉ (လိုင်းခွဲ-၂၃၁၊ ၂၁၉)။

ဆေးတက္ကသိုလ်(မန္တလေး) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

(၁၉၈၄-၁၉၉၄)ခုနှစ် ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက် ညနေ ၄ နာရီတွင် Hotel Mandalay ၌ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသော တပည့်ဟောင်းများက ဆရာကြီး ဆရာမကြီး ၁၆၅ဦးတို့အား ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာကျော်ကျော်ဦး ဖုန်း-၀၉-၂၀-၀၃၆၅၄၊ ဒေါက်တာစန္ဒာသိန်း ဖုန်း-၀၉-၂၀-၁၀၈၆၄ နှင့် ဒေါက်တာတင်ထူးအောင် ဖုန်း-၀၉-၂၀-၁၉၅၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ချစ်သော ဘိုးဘိုးနှင့်ဘွားဘွားအတွက် မွေးနေ့ဆုတောင်း

မြေးများကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပေးနေတဲ့ **ဘိုးဘိုးနဲ့ဘွားဘွား**…

ဒီဇင်ဘာလမှာ အတူတူကျရောက်တဲ့ ဘိုးဘိုးနဲ့ ဘွားဘွားရဲ့ မွေးနေ့များမှသည် နောင်လာမည့် မွေးနေ့ပေါင်းများစွာကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ပါစေ…

ချစ်မြေးများ -မေဖြူခင် Grade 5(A)(TTC)
သက်နှင်းစု KG(L)(IECM)
မြတ်ဘုန်းသော် KG(E)(ISM)
မြတ်ဘုန်းကျော် FIREFLIES(NET WORK)။

မုံလယ်တောရဓမ္မရိပ်သာ တရားစခန်းပွဲ

နှစ်စဉ် ကျင်းပမြဲဖြစ်သော ပဲခူး (၁၀)မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရ ဓမ္မရိပ်သာ ငါးရက်တရားစခန်းပွဲကို ဒီဇင်ဘာ ၂၂-၁၂-၂၀၀၈ရက်မှ ၂၆-၁၂-၂၀၀၈ ရက်အထိ ကျင်းပဖွင့်လှစ်မည် ဖြစ်ပါသည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးနှင့်ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးများ၏ ဥပနိဿယအတိုင်း တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ၂၁-၁၂-၂၀၀၈ရက် ညနေ အရောက်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

မုံလယ်တရားစခန်းဖြစ်မြောက်ရေးအဖွဲ့။

သီချင်းဆိုပြိုင်ပွဲ အစီအစဉ်သစ်

(J-first Group) ကကြီးမှူး၍ '၂၀၀၉ သီချင်းဆိုပြိုင်ပွဲ' အစီအစဉ်သစ်ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပြိုင်ပွဲတွင် သတ်မှတ် တေးသီချင်းသစ်များကိုသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အရည်အချင်းရှိသောအဆိုရှင်ကောင်းများအတွက် ကိုယ်ပိုင်အသံ၊ ကိုယ်ပိုင်ဟန်ဖြင့် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ပါသည်။

၁။ **ပြိုင်ပွဲအမျိုးအစားများ**	-	(က) စုံတွဲ
	-	(ခ) တစ်ဦးတည်း(ကျား)
	-	(ဂ) တစ်ဦးတည်း(မ)
၂။ **လျှောက်လွှာစတင်လက်ခံမည့်ရက်**	-	၂၂-၁၂-၂၀၀၈ ရက်
၃။ **လျှောက်လွှာပိတ်မည့်ရက်**	-	၂၅-၁-၂၀၀၉ ရက်
၄။ **လျှောက်လွှာလက်ခံမည့်နေရာ(ရန်ကုန်)**	-	စိမ်းလန်းစိုပြည်ဂါးဒင်း
	-	ရတနာမြိုင်တေးသံသွင်း
	-	မန်းသီရိတေးသံသွင်း
	-	Apple Music
(မန္တလေး)	-	လှိုင်းတေးသံသွင်း
	-	မန်းသီရိတေးသံသွင်း

၅။ လျှောက်လွှာထုတ်ယူရာဌာနတွင် သီချင်းနမူနာစီဒီအား ထုတ်ယူနိုင်ပါသည်။ ထိုစီဒီအတွင်းမှ သတ်မှတ်အမျိုးအစားအလိုက် တေးသီချင်းတစ်ပုဒ်ကိုသာ သီဆိုရပါမည်။

၆။ ပြိုင်ပွဲတွင် စုံတွဲအဆိုရှင်သုံးစုံတွဲ၊ တစ်ဦးတည်း ကျားအဆိုရှင် သုံးဦး၊ မအဆိုရှင်သုံးဦး၊ စုစုပေါင်း အဆိုရှင် ၁၂ဦးအား ရွေးချယ်ကာ ဆုကြေးအပြင် '၂၀၀၉ ချစ်သူများအမှတ်တရ တေးစီးရီး' အား စီစဉ်ပြုလုပ်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ်-၀၉-၁၉-၀၂၈၅၊ ၀၉-၅၁-၈၂၀၆၄ နှင့် ၀၁-၇၂၀၆၇၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ချည်မျှင်နှင့်အထည် အင်ဂျင်နီယာကျောင်းသားများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနား

ဆရာကြီး ဦးမောင်မောင်သန်းအား အမှူးထား၍ ချည်မျှင်နှင့်အထည် အင်ဂျင်နီယာဘာသာရပ် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ အားလုံး စုံညီစွာ တက်ရောက်နိုင်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

အခမ်းအနား ကျင်းပမည့်နေ့ရက် ။ ။ ၂၈-၁၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)
အခမ်းအနားအချိန် ။ ။ နံနက် ၁၁း၀၀မှ ညနေ ၃း၀၀ အထိ
အခမ်းအနားနေရာ ။ ။ ဇမ္ဗူ့ရာဇ်ခန်းမ၊ ဘဏ်လုပ်ငန်းရှင်များ အသင်းချုပ်၊ စက်မှု(၁)လမ်း၊ ရန်ကင်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

(1) Sales Promoter **ကျား/မ (၂၀)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

(2) Sales Representative **ကျား (၂၀)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၀)အောက်၊ Distribution အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

(3) Sales Supervisor **ကျား (၅) ဦး**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၅)နှစ်အောက်၊ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိပြီး နယ်ခရီး လစဉ်မပျက် သွားနိုင်ရမည်။Distribution နှင့် Marketing Field၌ အနည်းဆုံး (၃)နှစ် လုပ်ကိုင်ခဲ့ဖူးသူ ဖြစ်ရမည်။

(4) Store Keeper **ကျား/မ (၂) ဦး**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး စတိုလယ်ဂျာစာရင်း ကျွမ်းကျင်ရမည်။ Computer (Word,Excel) တတ်ကျွမ်းရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။အသက် (၃၈)နှစ်အောက်၊ သွက်လက်တက်ကြွရမည်။

(5) Office Helper **ကျား (၂) ဦး**
ပညာအရည်အချင်း မူလတန်းမှ အလယ်တန်းအဆင့်ရှိရမည်။ သန့်ရှင်းရေးနှင့်အထွေထွေရုံးကိစ္စများလုပ်နိုင်သူဖြစ်ရမည်။ အသက် (၂၀ မှ ၃၅)နှစ်ကြားဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။

(6) Driver **ကျား (၁၀)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး "ခ"(သို့) "ဃ"လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၃)နှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။

(7) ဝါယာရိန်းဆရာ **ကျား (၁) ဦး**
မော်တော်ယာဉ်နှင့်ပတ်သက်သော ဝါယာရိန်းလုပ်ငန်း အတွေ့အကြုံရှိရမည်။

- **အမှတ်စဉ် အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။**

အထက်ပါရာထူး စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေး အမှတ်၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ မိတ္တူများနှင့်တကွ Harvest Enterprise Co.,Ltd. အမှတ်၅၂၀၊ ခုနစ်လွှာ၊ Excel Treasure Tower ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်သို့ တစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဆရာဝဿန် English

Speaking, Grammer and Phonetics အိမ်တိုင် ရာရောက် လိုက်လံသင်ကြားပေးပါသည်။
ဖုန်း-၀၉-၅၀-၇၅၂၆၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၉၁၈၉ တိုယိုတာကရောင်း၊ ဆလွန်းယာဉ် လက်ဝယ်ရှိသူ ဒေါ်ကြွယ်ကြွယ်နိုင် ၁၂/ဗဟန(နိုင်) ၀၃၄၃၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညနခရိုင်ရုံး၊(စစ်ကိုင်းမြို့)။**

ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်စွာလွင် ဒီဇင်ဘာ ၁၅ရက်က မင်္ဂလာဒုံမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွင်း ဆောင်ရွက်ပြီးစီးသော နိုင်ငံသားအရည်အချင်းပြည့်မီသူ ၉၁၉ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်စဉ်။
(၁၁၃)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲ အီရန်အဖွဲ့ ဒုတိယရရှိ

အန်ကာရာ ဒီဇင်ဘာ ၂၀

တူရကီနိုင်ငံ အန်ကာရာမြို့တွင် ဒီဇင်ဘာ ၁၆ရက်မှ ၁၈ရက်အထိ ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘာ့တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲတွင် တောင်ကိုရီးယားတိုက်ကွမ်ဒိုအသင်းက ရွှေတံဆိပ်အများဆုံးဆွတ်ခူးကာ ပထမရရှိခဲ့သည်။

ရရှိ

အီရန်က ဒုတိယ၊ စပိန်က တတိယရရှိပြီး အိမ်ရှင် တူရကီအသင်းက စတုတ္ထရရှိခဲ့သည်။ အီရန်တိုက်ကွမ်ဒိုအဖွဲ့က ရွှေ သုံး၊ ငွေ သုံး နှင့် ကြေးလေးခုရရှိခဲ့သည်။

အီရန်အတွက် ရွှေတံဆိပ်များကို မိုဟာမက်တာဂီဟာတာမီ၊ ဟာမစ်နာဆာရီနှင့် အလီနာဂျာဖာဘာဒီတို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

တတိယအကြိမ်မြောက် ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲသို့ နိုင်ငံပေါင်း ၅၀မှ တိုက်ကွမ်ဒိုကစားသမားပေါင်း ၄၀၀ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(အင်တာနက်)

စီရိုနယ်ဒိုနှင့် အပြောင်းအရွှေ့ဂယက်လှိုင်း

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❑ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၂၀

သူတို့တွေ ဘယ်လိုပဲငြင်းဆိုနေပါစေ လာမယ့်နွေရာသီမှာတော့ စီရိုနယ်ဒို ရီးရဲမက်ဒရစ်ဘောလုံးသမား ဖြစ်နေပါပြီလို့ ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ရာမွန်ကာဒီရွန်က ခိုင်ခိုင်မာမာ ထုတ်ဖော်ပြောကြားလိုက်တာမို့ နည်းပြဖာဂူဆန်နဲ့ မန်ယူပရိသတ်တွေ စိုးရိမ်စိတ်တော့ ဝင်နေကြပြီဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်ကလပ်က တာဝန်ရှိသူတွေရဲ့ ပြောစကားဟာ ရယ်စရာကောင်းပါတယ်လို့ ဖာဂူဆန်ပြောကြားနေပေမယ့် စီရိုနယ်ဒိုပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေက ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာတာမို့ ဖာဂူဆန်လည်း သူ့တပည့်ကို သေသေချာချာမေးခဲ့ရတယ်လို့ ဆိုပါတယ်။

ဝေဖန်ပြောဆို

မန်ယူအသင်းကနေပြီး စီရိုနယ်ဒိုကိုခေါ်ယူဖို့ဆိုတာ တန်ခိုးရှင်တစ်ဦးက လုဝယ်ရင်တောင် ရောင်းမှာမဟုတ်ဘူးလို့ ပြောကြားခဲ့တဲ့ဖာဂူဆန်ဟာ မိမိအနေနဲ့ ရီးရဲမက်ဒရစ်မှာ ကစားလိုတဲ့ဆန္ဒ ပြင်းပြနေဆဲဖြစ်တယ်လို့ သတင်းထောက်တွေကို စီရိုနယ်ဒိုက ပြောကြားခဲ့တာမို့ ဖာဂူဆန်လည်း စီရိုနယ်ဒိုကို မေးမြန်းတဲ့အခါ မန်ယူမှာ ကစားရတာပျော်နေကြောင်း၊ ဝေဖန်ပြောဆိုနေမှုတွေကို ဂရုမစိုက်ကြောင်း၊ မန်ယူနဲ့အတူ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုသာရရှိခဲ့ရင် မန်ယူအတွက် ဆက်ပြီး အကျိုးပြုသွားမှာဖြစ်ကြောင်း စီရိုနယ်ဒိုက ပြောကြားခဲ့တယ်လို ဆိုပါတယ်။

ဖော်ပြ

တကယ်တော့ စီရိုနယ်ဒိုဟာ ပြီးခဲ့တဲ့ နွေရာသီကတည်းက ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ဖို့ စိတ်ကူးခဲ့သူဖြစ်တဲ့အပြင် ရီးရဲမက်ဒရစ်ရဲ့ ကြိုးစားအားထုတ်မှုကြောင့် အပြောင်းအရွှေ့နီးစပ်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။ အခုလည်း နှုတ်ကသာ မန်ယူမှာပဲ ဆက်ကစားမယ်ဆိုပေမယ့် စပိန်နေ့စဉ်ထုတ်သတင်းစာ အီလ်မွန်ဒိုကတော့ ရီးရဲမက်ဒရစ်နဲ့ စီရိုနယ်ဒိုတို့အကြားသဘောတူညီချက်ရရှိခဲ့ပြီလို့ ဖော်ပြထားပါတယ်။

ထုတ်ဖော်ပြောကြား

စီရိုနယ်ဒိုနဲ့ မိမိတို့ သဘောတူညီမှု ရရှိခဲ့ပြီလို့ ဘာနေဗျူးရဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ ပီဒရိုတရာပိုတီကလည်း ထုတ်ဖော်ပြောကြားလိုက်တာမို့ စီရိုနယ်ဒိုရဲ့ ပြောင်းရွှေ့ရေးသတင်းဂယက်ဟာ ကြီးထွားလာတော့တာပဲ ဖြစ်ပါတယ်။

ထွက်ပေါ်လာ

စာချုပ်ချုပ်ဆိုဖို့အတွက်လည်း မိမိတို့ အသင့်ဖြစ်နေပြီလို့ ဆက်လက်ပြောကြားနေတာမို့ ဖာဂူဆန်လည်း ဒီသတင်းကြောင့် အတော်ကလေးစိတ်ထိခိုက်နေရတယ်လို့ဆိုပါတယ်။ ဖာဂူဆန်ဟာ ဖီဖာကလပ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဂျပန်ကို မန်ယူအသင်းနဲ့အတူ ရောက်ရှိနေချိန်မှာ ဒီသတင်းတွေ ထွက်ပေါ်လာတာမို့ ထူးတော့ထူးဆန်းနေပါတယ်။

နည်းပြဖာဂူဆန်နဲ့ မန်ယူကလပ်အမှုဆောင်ချုပ် ဒေးဗစ်ဂီးလ်တို့ကတော့ ဒီသတင်းတွေဟာ အခြေအမြစ်မရှိဘူးလို့ ဆိုနေပါတယ်။

စီရိုနယ်ဒိုအနေနဲ့ ၂၀၀၈ခုနှစ်အတွက် ဖီဖာရဲ့ အကောင်းဆုံးဘောလုံးသမားဆုရရှိဖို့ သေချာသလောက်ဖြစ်နေတာမို့ မန်ယူကလပ်မှာ သူကစားခဲ့တာဟာ ကမ္ဘာပေါ်မှာ ဘောလုံးနဲ့ပတ်သက်တဲ့ ဆုတွေအားလုံးနီးပါး ချီးမြှင့်ခံခဲ့ရတာကြောင့် ကျေးဇူးမမေ့အပ်ဘူးလို့ အချို့လူတွေက သုံးသပ်နေကြပါတယ်။

ဆက်သွယ်တွေ့ဆုံ

ဒီလိုသတင်းတွေပျံ့နှံ့နေချိန်မှာ ထူးခြားတဲ့ သတင်းကတော့ ရီးရဲမက်ဒရစ်ကလပ်က စေလွှတ်လိုက်တဲ့ အေးဂျင့်တစ်ဦးဟာ ဂျပန်မှာ ခေတ္တရောက်နေတဲ့ စီရိုနယ်ဒိုနဲ့ လာရောက်ဆက်သွယ် တွေ့ဆုံခဲ့တယ်ဆိုတဲ့ သတင်းပဲ ဖြစ်ပါတယ်။ အင်္ဂလန်မှာဆိုရင် သတင်းထောက်တွေရဲ့စက်ကွင်းက ဘယ်လိုမှ မလွတ်နိုင်တာမို့ ဂျပန်အထိ လာရောက်ဆွေးနွေးတာဖြစ်တယ်ဆိုတဲ့ သတင်းကြောင့် မန်ယူပရိသတ်တွေ စိုးရိမ်ပူပန်မှုတွေ ကြီးထွားလာနေတော့တာပါပဲ။

ဒီသတင်းတွေကြောင့် စီရိုနယ်ဒိုရဲ့အနီးမှာ အမြဲတမ်းစောင့်ကြည့်ဖို့အတွက် လူနှစ်ဦး တာဝန်ချပေးထားတယ်လို့ ဆိုပါတယ်။ ဖာဂူဆန်ကတော့ စီရိုနယ်ဒိုရဲ့ အတွင်းစိတ်ကို အသေးစိတ်ပုံဖော်မကြည့်နိုင်တာမို့ "ငါ့သေမှ အသင်းပြောင်းရမယ်" လို့ စီရိုနယ်ဒိုကို စကားကုန် ပြောထားခဲ့ပြီးပါပြီ။

စောင့်ကြည့်

ဒါကြောင့် လာမယ့်နွေရာသီမှာ စီရိုနယ်ဒိုအနေနဲ့ ရီးရဲမက်ဒရစ် ရောက် မရောက်ကတော့ စိတ်ဝင်စားစရာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား- အင်တာနက်



အပြောင်းအရွှေ့ သတင်းဂယက်လှိုင်း ပြန်ထလာနေသော စီရိုနယ်ဒို။

ဂေါက်သီးရိုက်အကျော်အမော် တိုက်ဂါးဝုဒ် လာမည့်နှစ်၌ အဓိကပြိုင်ပွဲကြီးများ ဝင်နွှဲမည်

ပေကျင်း ဒီဇင်ဘာ ၂၀

ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားသော ကမ္ဘာ့ဂေါက်သီးရိုက်အကျော်အမော် တိုက်ဂါးဝုဒ်က မိမိ၏ဒဏ်ရာ သက်သာလာပြီဖြစ်၍ လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း လာမည့် ၂၀၀၉ခုနှစ်၌ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ရက်က ပြောကြားသည်။

ပြောကြား

ပီဂျီအေကဲ့သို့ ပြိုင်ပွဲကြီးများအား ပြန်လည်ဆင်နွှဲနိုင်ရန် လေ့ကျင့်လျက်ရှိကြောင်း၊ ကြံ့ခိုင်ရေးတိုးတက်မှုရှိလာသဖြင့် လာမည့်နှစ်ပြိုင်ပွဲကြီးများ၌ ပါဝင်ဆင်နွှဲနိုင်မည်ဟု ယုံကြည်နေကြောင်း တိုက်ဂါးဝုဒ်က ဆက်လက်ပြောကြားသည်။

လေ့ကျင့်

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့် ဇွန်လမှ စတင်ကာ ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲများနှင့် လွဲချော်နေခဲ့ရသူဖြစ်သည်။ လာမည့်နှစ်ဧပြီလ၌ ကျင်းပမည့် အမေရိကန် မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲနိုင်ရန် လေ့ကျင့်နေပြီဖြစ်သည်။

(အင်တာနက်)

လီဗာပူးအသင်းကို အနိုင်ကစားရမည့်နည်းလမ်း အာဆင်နယ်ခံစစ်မှူး ဆီလ်ဗက်စတာ ပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၀

အာဆင်နယ်အသင်းအနေဖြင့် လီဗာပူးအသင်းအား အနိုင်ရရှိအောင် မည်ကဲ့သို့ကစားရမည်ကို ၎င်းသိရှိကြောင်း မီခေးလ်ဆီလ်ဗက်စတာက ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူကစားသမားတစ်ဦးအနေဖြင့် ဆီလ်ဗက်စတာသည် အန်ဖီးလ်မှ ပြိုင်ဘက်ကို တစ်ချိန်က ဆုံတွေ့ခဲ့ဖူးရာ နှစ်ကြိမ်ရှုံးနိမ့်ခဲ့ဖူးကြောင်း ပြောကြားခဲ့သည်။

ယှဉ်ပြိုင်ကစား

ဆီလ်ဗက်စတာ၏ အသင်းသစ် အာဆင်နယ်သည် ဒီဇင်ဘာ ၂၁ရက် **(ယနေ့)** တွင် ၎င်းတို့၏ အိမ်ရိုက်ကွင်း၌ ပရီမီယာလိဂ်ထိပ်သီး လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နိုင်ပွဲပျောက်နေသော အာဆင်နယ်အသင်းအနေဖြင့် ယခုရာသီတွင် နိုင်ပွဲရအောင်ကစားရမည်ဖြစ်ကြောင်း ပြီးခဲ့သော နွေရာသီက အိုးထရက်ဖို့ဒ်မှ အာဆင်နယ်အသင်းသို့ ရောက်ရှိလာသူ အသက် ၃၁နှစ်ရှိ ဆီလ်ဗက်စတာက အခိုင်အမာပြောကြားခဲ့သည်။

(အင်တာနက်)

ချယ်လ်ဆီးအသင်း ဂျူဗင်းတပ်စ်နှင့် ဆုံတွေ့မှု ကံဆိုးမိုးမှောင်ကျခြင်းဟု ရာနီယာရီပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၀

ချယ်လ်ဆီးအသင်းအနေဖြင့် ချန်ပီယံလိဂ် ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲတွင် မိမိ၏ဂျူဗင်းတပ်စ်အသင်းနှင့် တွေ့ဆုံခြင်းသည် ဖိအားတစ်ရပ်ဖြစ်ပြီး မိမိတို့အားရှုံးနိမ့်ခဲ့ပါက ကံဆိုးမိုးမှောင်ကျခြင်းပင်ဖြစ်ကြောင်း ဂျူဗင်းတပ်စ်နည်းပြ ကလော်ဒီယို ရာနီယာရီက အခိုင်အမာပြောကြားလိုက်သည်။

ယင်းအသင်းနှစ်သင်းသည် ချန်ပီယံလိဂ် ဒုတိယအဆင့် ၁၆သင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုံတွေ့ခဲ့ခြင်းသည် အီတလီနည်းပြ ရာနီယာရီအနေဖြင့် ၎င်း၏အသင်းဟောင်း ချယ်လ်ဆီးနှင့် ပြန်လည်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

၂၀၀၄ခုနှစ်က ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲတွင် ရှုံးနိမ့်ပြီး ချယ်လ်ဆီးအသင်း ပြိုင်ပွဲမှထွက်ခွာသွားရပြီးနောက် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်၏ ချန်ပီယံလိဂ်သရဖူအပေါ် မျှော်လင့်ချက်ကြီးစွာထားမှုကို ရာနီယာရီအနေဖြင့် ကောင်းစွာ သိထားခဲ့သည်ဟုဆိုသည်။

မိမိအနေဖြင့် ချယ်လ်ဆီးအသင်း နှင့်ဆုံတွေ့ရမှုအတွက် ပျော်ရွှင်သည် ဟုမဆိုနိုင်ကြောင်း၊ သို့သော်လည်း ယခုတွေ့ဆုံမှုသည် ရင်သပ်ရှုမောဖွယ် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်ပြီး ထိပ်တန်းပြိုင်ပွဲတစ်ရပ်လည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်တွင် အောင်ပွဲရရှိရေးအတွက် ဖွဲ့စည်းထားခဲ့သော်လည်း အေဘရာမိုဗစ်ချ်အနေဖြင့် နိုင်ပွဲရမည်မဟုတ်ဘဲ ကံဆိုးမိုးမှောင်ကျခြင်း တစ်ရပ်သာဖြစ်ကြောင်း ဂျူဗင်းတပ်စ်နည်းပြရာနီယာရီက ဖွင့်ဟပြောကြားခဲ့သည်။

(အင်တာနက်)

ဂီလ်ဘာတို၏အနာဂတ် စပါးတွင်မရှိတော့ဟုဆို နည်းပြဟာရီရက်နက် ထုတ်ဖော်ပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၀

ဘရာဇီးနှင့် စပါးခံစစ်မှူး ဂီလ်ဘာတိုသည် ဒဏ်ရာ ထပ်မံရရှိပြီးနောက် စပါးအသင်းတွင် ၎င်း၏အနာဂတ်မရှိတော့ကြောင်း စပါးနည်းပြဟာရီရက်နက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဒဏ်ရာရရှိ

ခံစစ်မှူးဂီလ်ဘာတိုသည် ယူအီးအက်ဖ်အေဖလား ရှုံးထွက်အဆင့်ပြိုင်ပွဲတွင် လူကာမော့ဒရစ်နှင့် တွမ်ဟတ်ဒယ်လ်စတုန်းတို့ ဒုတိယပိုင်းတွင် ဂိုးများမသွင်းယူမီ ပထမပိုင်း၌ တတိယအကြိမ် ဒဏ်ရာရရှိခဲ့သည်။

ပြောကြား

ဂီလ်ဘာတိုဆီးဗား၏ အနာဂတ်သည် စပါးတွင် မရှိတော့ဟု မိမိထင်ကြောင်း၊ ၎င်းသည် စပါးအသင်းတွင် မနေလိုတော့ဟု ထင်ကြောင်း၊ ၎င်းအနေဖြင့် စပါးတွင်ကစားရသည်ကို ယုံကြည်မှု ရှိတော့မည်မဟုတ်ဟု မိမိထင်ကြောင်း စပါးနည်းပြ ဟာရီရက်နက်က ပြောကြားသည်။

(အင်တာနက်)

စူပါဘင်တန်ဝိတ်တန်းလက်ဝှေ့ချန်ပီယံ မန်ရိုးက ထရော့တာအား အနိုင်ယူပြီး သရဖူကာကွယ်

လန်ဒန် ဒီဇင်ဘာ ၂၀

ဥရောပစူပါဘင်တန်ဝိတ်တန်းချန်ပီယံ ရင်ဒေါမန်ရိုးသည် ပြိုင်ဘက်လက်ဝှေ့သမား ဖာဘရီဇီယိုထရော့တာအား ယှဉ်ပြိုင်ထိုးသတ်အနိုင်ယူကာ ၎င်း၏သရဖူကိုကာကွယ်နိုင်ခဲ့သည်။

မန်ရိုး၏ ဦးခေါင်းက ထရော့တာ၏ လက်ကောက်ဝတ်ကို ခိုက်မိကာ ဒဏ်ရာရရှိခဲ့ပြီးနောက် ပြိုင်ပွဲမှာ လေးချီတည်းနှင့်ပင် အဆုံးသတ်သွားခဲ့သည်။

သို့သော်လည်း လီဆက်စတာမြို့သား မန်ရိုးသည် အီတလီလက်ဝှေ့သမား ထရော့တာအား ပြိုင်ပွဲမှ စောစီးစွာ ထွက်သွားရစေရန် နည်းလမ်းရှာခြင်းသက်သက်ဖြစ်ကြောင်း ပရိသတ်များက ယူဆထားကြသည်ဟုဆိုသည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း သည်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစားရဲဝန်ထမ်းဟောင်းများနှင့် သတင်းထောက်များတွေ့ဆုံပွဲ ထားဝယ်ရဲစခန်း၌ ကျင်းပ

ထားဝယ် ဒီဇင်ဘာ ၁၂

တနင်္သာရီတိုင်း ထားဝယ်ခရိုင် ထားဝယ်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ရဲဝန်ထမ်းဟောင်းများ၊ သတင်းထောက်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက်က ထားဝယ်ရဲစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်နှင့် ထားဝယ်ရဲစခန်းမှူး ရဲအုပ်ချစ်ဦးမောင်က ရပ်ကွက်အေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲလုပ်ငန်းပိုင်းဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အငြိမ်းစား ဒုတိယရဲမှူးကြီးစိုးတင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးထွန်းရှိန်တို့က အမှာစကားပြောကြား၍ ထားဝယ်မြို့နယ် သတင်းထောက်ဦးခင်မောင်ကြီးက အကြံပြုဆွေးနွေးသည်။ **(အောက်ပုံ)** (၁၈၇)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် နိုဝင်ဘာ၂၄ရက်က ချမ်းအေးသာစံမြို့နယ် လမ်း ၃၀အား ၆၂ လမ်းမှ မန္တလေးမြို့ပတ်လမ်းအထိ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၁၃)

ကညွတ်ကွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကညွတ်ကွင်းမြို့ မုန်တိုင်လမ်း ကျောက်ဖြည့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ၂၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူ အမက(၄)နှစ်တစ်ရာပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ပခုက္ကူ ဒီဇင်ဘာ ၁၅

၁၉၀၈ခုနှစ်တွင် ဆရာကြီးဦးဘတင် စတင်တည်ထောင်ခဲ့သည့် ဆရာမကြီး ဒေါ်အေးရှင်၏ ကုက္ကိုတန်းကျောင်း ယခုအမက(၄)ဝါးတန်းရပ်တွင် နှစ်တစ်ရာပြည့်နှင့် အာစရိယပူဇော်ပွဲကို၂၀၀၉ခုနှစ် ဇန်နဝါရီ ၃ရက် (စနေနေ့)နံနက်၉နာရီတွင် အမက(၄) ဝါးတန်းရပ်၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူ(ဟောင်း/သစ်)များ တက်ရောက်ကြရန်နှင့် လှူဒါန်းပူဇော်လိုသူများသည် ပခုက္ကူမြို့ရှိ ဦးစိန်မောင်ဝင်း ဖုန်း-၀၉-၂၃-၀၀၃၅၁၊ ဦးကျော်ဆွေ ဖုန်း-၀၆၂-၂၉၃၈၁၊ ဦးသော်ဇင်ဦး ဖုန်း-၀၉-၂၃-၀၂၀၂၃၊ ဦးဝင်းဆွေ ဖုန်း-၀၉-၂၃-၀၁၁၂၉၊ ဦးခင်မောင်မြင့် ဖုန်း-၀၆၂-၂၁၈၂၁ တို့သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပခုက္ကူအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀-၂၁၈၈၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲ ကသာ၌ ကျင်းပ

ကသာ ဒီဇင်ဘာ ၁၆

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၅နာရီခွဲက ကသာမြို့ သီရိခေမာဈေးရှေ့၌ ကျင်းပသည်။

ပါဝင်ဆင်နွှဲ

အဆိုပါ လမ်းလျှောက်ပွဲသို့ ခရိုင်ဥက္ကဋ္ဌဦးလှဝေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးကြည်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စုပေါင်းအင်အား ၁၈၀၀ကျော် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ခုနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော မဟာစည်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ရာသို့ မြို့နယ်(ခေတ္တ)ဥက္ကဋ္ဌ ဒုတိယရဲမှူးမျိုးခိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေး အဆင့်မြှင့်တင် ဆောင်ရွက်မှုလုပ်ငန်းကို နိုဝင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးသိန်းနိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းသတင်း သံလွင်တံတားထိပ်၌ ယာဉ်တိုက်မှုဖြစ်ပွား

မုတ္တမ ဒီဇင်ဘာ ၁၀

ပေါင်မြို့နယ် မုတ္တမမြို့ သံလွင်တံတား(မော်လမြိုင်)ဘက်ခြမ်း တံတားထိပ်တွင် နိုဝင်ဘာ ၆ရက် မွန်းလွဲ၂နာရီခွဲခန့်က မော်တော်ယာဉ်နှင့်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ပေါင်မြို့နယ် မော်တော်ယာဉ်အသင်းမှ ယာဉ်မောင်း အောင်ထွန်း(၂၂)နှစ် (ဘ)ဦးဖေ ထန်းပင်ချောင်ရပ် မောင်းနှင်သည့် ဏ/၄၀၄၀ အနီရောင် ဟိုင်းလက်ယာဉ်သည် ခရီးသည်များတင်ဆောင်၍ မော်လမြိုင်မှ ပေါင်ဘက်သို့ မောင်းနှင်လာစဉ် မုတ္တမမှမော်လမြိုင်သို့လာသည့် ဆိုင်ကယ်အမှတ် မလမ/၁၅၃၈၃ မောင်းနှင်သူ မျိုးသန့်နှင့်နောက်မှ လိုက်ပါလာသူ ဦးဉာဏ်တင်တို့၏ဆိုင်ကယ်နှင့်တိုက်မိရာမှ ဒဏ်ရာရရှိသွားသဖြင့် ၎င်းတို့နှစ်ဦးအား မော်လမြိုင်ဆေးရုံသို့ တင်ပို့ကုသစဉ် နောက်တစ်နေ့တွင် ဦးဉာဏ်တင် အသက်(၅၅)နှစ်(ဘ)ဦးထွန်းလွင် မောင်ငံရပ် မော်လမြိုင်နေသူမှာ သေဆုံးသွားသည့်အတွက် ၎င်းယာဉ်တိုက်မှုကို မုတ္တမရဲတပ်ဖွဲ့စခန်းမှ စုံစမ်းစစ်ဆေး အရေးယူအမှုဖွင့်ထားကြောင်း သိရသည်။ (၀၁၃)

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၂-၁၂-၂၀၀၈ရက် (တနင်္လာနေ့)
- ☐ Pyu Civilization
  - ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ
- ☐ The Scope of Philosophy
  - ဘွဲ့ကြို ဒဿနိကဗေဒကျောင်းသား ကျောင်းသူများ

၂၃-၁၂-၂၀၀၈ရက် (အင်္ဂါနေ့)
- ☐ General Geology of Myanmar
  - B.Sc(Geology) (1st,2nd Year)
- ☐ Mental Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ

၂၄-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)
- ☐ Isostasy,Continental Drift and Plate
  - တတိယနှစ်၊ နောက်ဆုံးနှစ်၊ ဂုဏ်ထူးတန်း၊ မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့ကြို သင်တန်းသားများ
- ☐ လီဒိုလမ်း၏အတိတ်နှင့် အနာဂတ်မျှော်လင့်ချက်များ
  - ပါရဂူဘွဲ့ သင်တန်းသားများ

၂၆-၁၂-၂၀၀၈ရက် (သောကြာနေ့)
- ☐ An Introduction to Philosophy of Religion
  - ယင်းဘာသာရပ်၏ အခြေခံအချက်များကို စိတ်ဝင်စားသူများ
- ☐ Client Centered Psychotherapy
  - မဟာဝိဇ္ဇာတန်းနှင့်စိတ်ပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ)သင်တန်းသားများအတွက်

၂၈-၁၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)
- ☐ Conflict of Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Administrative Tribunals
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Collision
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Military Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Civil Jurisdiction
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Classification of Constitution
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Juvenile Courts and the Methods of Reformation
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၉-၁၂-၂၀၀၈ရက် (တနင်္လာနေ့)
- ☐ The Nature and Scope of the Law
  - ဥပဒေပထမနှစ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ
- ☐ Myanmar Agenda 21 and Myanmar-United Nations Co-Operation in Environmental Rehabilitation in the Dry Zone
  - မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းသားများ

၃၀-၁၂-၂၀၀၈ရက် (အင်္ဂါနေ့)
- ☐ ပုဂံခေတ်ကျောက်စာ အဆောက်အအုံ(၅)ခုအနက် "နန်းဘုရား"အကြောင်း
  - ရှေးဟောင်းသုတေသနပညာအထူးပြု ကျောင်းသား ကျောင်းသူများနှင့် စိတ်ဝင်စားသူများ
- ☐ Some Well-Known Name Reactions For Organic Synthesis
  - မဟာသိပ္ပံနှင့် ပါရဂူဘွဲ့သင်တန်းများ

၃၁-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)
- ☐ Elemental Analysis Using EDXRF
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းသားများနှင့် ဘွဲ့ကြိုသင်တန်းသားများအတွက်
- ☐ Computer Aided Teaching For Nuclear Physics
  - မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူဘွဲ့သင်တန်းသားများနှင့်ဘွဲ့ကြိုသင်တန်းသားများအတွက်

၁-၁-၂၀၀၉ရက် (ကြာသပတေးနေ့)
- ☐ ရှေးဟောင်းမြန်မာမှုရင်း အရေးအသားကမ္ပည်းစာများ၏ သဘောသဘာဝ
  - မဟာဝိဇ္ဇာဒုတိယနှစ်အထူးပြုသင်တန်း၊ ပါရဂူအကြိုသင်တန်း၊ ဘာသာစကားအထူးပြုသင်တန်းသားများ
- ☐ Introduction to Linguistics
  - အင်္ဂလိပ်စာဒီပလိုမာ သင်တန်းသားများ

၂-၁-၂၀၀၉ရက် (သောကြာနေ့)
- ☐ The Role of the Headmaster
  - B.Ed(ဒုတိယနှစ် စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ☐ Three Focal points in Education
  - B.Ed(ပထမနှစ် စာပေးစာယူကျောင်းသား ကျောင်းသူများ)

၃-၁-၂၀၀၉ရက် (စနေနေ့)
- ☐ Contract Costing
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Linear Programming I
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Financial Accounting(Partnership Account Final A/C)
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Nature of Managment
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Income & Expenditure A/C
  - ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Mental Health and Guidance
  - ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Psychology in Home Life
  - ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

မှော်ဘီမြို့နယ်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မြန်မာ့ဆန်စပါးသုတေသနဌာန ဗဟိုမျိုးသန့်ခြံသို့ သွားရောက်ပြီး ဆင်းနွယ်ရင်မျိုးစပါးဖြင့် စနစ်တကျတိုက်ရိုက်အစေ့ချ အတန်းလိုက် စမ်းသပ်စိုက်ပျိုးနေမှု၊ လယ်ယာ(၁၆)ဖြင့် ထွန်ယက်နေမှု၊ ဆင်းနွယ်ရင်စပါးမျိုးနမူနာနှင့် ပေါင်းသတ်ဆေးနမူနာများ ပြသထားမှုတို့ကိုလည်းကောင်း၊ မြန်မာ့ဆန်စပါး သုတေသနဌာန၌ ခင်းကျင်းပြသထားသည့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးသော မျိုးနမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာ့ဆန်စပါး သုတေသနဌာနခန်းမဆောင်၌ ကျင်းပသည့် တပ်မတော်စိုက်ပျိုးရေး သင်တန်းအမှတ်စဉ်(၆၂) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆု *စာမျက်နှာ ၈ ကော်လံ ၁* ✻

စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်တွင်းပြည်ပ ဧည့်သည်များအား ဆွဲဆောင်လျက်ရှိသည့် ပန်းရနံ့တို့ ထုံသင်းမွှေးကြိုင် မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ဖူးပွင့်နေသော မြန်မာ့ဂုဏ်ဆောင် ပန်းပွဲတော်



ပြည်တွင်းပြည်ပ ပန်းအမျိုးပေါင်းများစွာဖြင့် ပုံဖော်ထားသည့် ပန်းသင်္ဘော။

(မြန်မာ့အလင်း)

ရသစုံလင်သတင်းမြင်ကွင်းနှင့် ဓာတ်ပုံလက်ရာ
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ (၇၇)နှစ်မြောက်မွေးနေ့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၏ နှစ်နှစ်မြောက် မွေးနေ့တို့နှင့်အတူ တတိယအကြိမ်မြောက် ပန်းပွဲတော်ကို *စာမျက်နှာ ၉ ကော်လံ ၁* ●

ပန်းပွင့်များဖြင့် ပုံဖော်ထားသည့် မြန်မာနိုင်ငံမြေပုံနှင့် ပန်းခုံကို ဤသို့တွေ့ရသည်။(မြန်မာ့အလင်း)



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဤသို့ လှပဝေဆာစွာ တွေ့ရသည်။ (မြန်မာ့အလင်း)